
# မီးဘေးအန္တရာယ်လက်စွဲ

## အကြောင်းရင်း၊ ဆိုးကျိုးများနှင့် ကြိုတင်ပြင်ဆင်ရေး




RELIEF AND RESETTLEMENT DEPARTMENT

UN-HABITAT
UNITED NATIONS HUMAN SETTLEMENTS PROGRAMME

## ဤလက်စွဲစာအုပ်သည်

သက်ဆိုင်ရာဝန်ကြီးဌာန/ ဦးစီးဌာနများ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့်နိုင်ငံတကာမှအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ဘေးအန္တရာယ်ဆိုင်ရာကျွမ်းကျင်သူများနှင့်ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများထံမှအကြံပြုချက်များရယူလျက်ပြုစုထားခြင်းဖြစ်ပါသည်။ဤစာအုပ်ကိုဘေးအန္တရာယ်များဆိုင်ရာ အခြေခံအသိပညာဗဟုသုတရရှိစေရန်လည်းကောင်း၊ဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများနှင့်ဘေးအန္တရာယ်မတိုင်မီ၊ ဘေးအန္တရာယ်ကျရောက်စဉ်နှင့်ကျရောက်ပြီးနောက်လုပ်ဆောင်ရန်များကိုသိရှိစေရန်လည်းကောင်းရည်ရွယ်ပြုစုထားပါသည်။ဤစာအုပ်ကိုဆရာ/ ဆရာမများ၊ကျောင်းသူ/ ကျောင်းသားများ၊မိဘများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများမှ ကိုးကားစာအုပ်တစ်အုပ်အဖြစ် အသုံးပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီ–မွန်း၏

# မိန့်ခွန်းမှကောက်နုတ်ချက်

***ဘေးအန္တရာယ်ကိုစောင့်မနေပါနှင့်။***

ချီလီနှင့်ဟေတီနိုင်ငံတို့တွင်လှုပ်ခဲ့သောငလျင်များ၏သင်ခန်းစာကိုမည်သည့်နိုင်ငံမျှလျစ်လျူရှုနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည်ယင်းသို့သော ဘေးအန္တရာယ်များမဖြစ်ပွားစေရန် မတားဆီးနိုင်ပါ။ သို့ရာတွင် မှန်ကန်သော ဘေးအန္တရာယ်ကျရောက်နိုင်မှု လျှော့ချရေးအစီအမံများကို ကြိုတင်၍ ဆောင်ရွက်ထားရှိပါက ယင်းတို့ကြောင့် ထိခိုက်မှုကိုသိသာစွာလျော့နည်းစေနိုင်ပါသည်။

လွန်ခဲ့သောရက်သတ္တပတ်က ကျွန်ုပ်သည် ချီလီငလျင်ဒဏ်သင့်နယ်မြေသို့သွားရောက်ခဲ့ရာ ချီလီခေါင်းဆောင်များသည် အတိတ်က သင်ခန်းစာများကို ရယူပြီးပဋိပက္ခများ ဖြစ်ပွားလာနိုင်မှုသတိပေးချက်များကို အလေးဂရုပြုခဲ့ကြခြင်းကြောင့် မရေမတွက်နိုင်သော အသက်ပေါင်းများစွာကို ကယ်ဆယ်နိုင်ခဲ့ကြောင်း တွေ့မြင်ခဲ့ရပါသည်။ ငလျင်ဒဏ် ခံနိုင်ရည်ရှိစေရေး ဆောက်လုပ်ရေးစည်းမျဉ်းများကို တိကျစွာ ချမှတ်စေခဲ့ခြင်းကြောင့် များစွာပိုမိုဆိုးရွားနိုင်သော သေဆုံးဒဏ်ရာရမှုများကို တားဆီးနိုင်ခဲ့ပါသည်။ ပထမဆုံးတုန့်ပြန်သူများကို ကြိုတင်၍လေ့ကျင့်သင်တန်းပေးပြီး ပစ္စည်းကိရိယာ တပ်ဆင်ထားခြင်းကြောင့် ငလျင်လှုပ်ပြီး မိနစ်ပိုင်းအတွင်း အကူအညီများရောက်ရှိခဲ့ပါသည်။ အစိုးရသည် လက်ရှိစိန်ခေါ်မှုများသာမက အနာဂတ်တွင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများအတွက်လည်း တာဝန်ရှိသည်ဟူသော စိတ်ဓာတ်ကို လက်ခံကျင့်သုံးခြင်းသည် လူသားများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုကို မည်သည့်ကယ်ဆယ်ရေးကြိုးပမ်းအားထုတ်မှုထက်မဆို ပိုမို၍ တားဆီးကာကွယ်နိုင်ခဲ့ပါသည်။

ချီလီနိုင်ငံတွင် လှုပ်ခဲ့သောငလျင်၏ ပြင်းအားမှာရစ်ချ်တာစကေး ၈.၈ ရှိပြီးမှတ်တမ်းများ စတင်ကောက်ယူခဲ့ချိန်မှ ပဥ္စမမြောက် အကြီးမားဆုံးငလျင်ဖြစ်သော်လည်း သေဆုံးသူအရေအတွက်မှာ ရာဂဏန်းသာလျှင် ရှိခဲ့ပါသည်။ ဟေတီတွင်လှုပ်ခဲ့သော ငလျင်မှာထိုမျှလောက် မပြင်းထန်သော်လည်း သေဆုံးသူသိန်းဂဏန်းရှိခဲ့ပါသည်။ ဟေတီတွင် အဆောက်အအုံ ဆောက်လုပ်ရေး စည်းမျဉ်းများမရှိပါ၊ သို့မဟုတ် ချမှတ်ခြင်းမရှိခဲ့ပါ၊ ကြိုတင်ပြင်ဆင်မှုလည်း အလွန်ညံ့ဖျင်းခဲ့ပါသည်။

ဤသင်ခန်းစာများကို ကမ္ဘာတစ်ဝှမ်းကျင့်သုံးနိုင်ပါသည်။ မည်သည့်နိုင်ငံမျှ ငလျင် သို့မဟုတ် ရေလွှမ်းမိုးမှု၊ မုန်တိုင်း၊ အပူလှိုင်းစသော ဘေးအန္တရာယ်များမှ မကင်းဝေးနိုင်ပါ။ ကုန်းမြေတိုက်ကြီး ၅ခုစလုံးတွင် ပိုမို၍ ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်လျက်ရှိရာ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်သည်ဟု ယုံကြည်ယူဆရပါသည်။ ကမ္ဘာပေါ်တွင် အဆင်းရဲအနွမ်းပါးဆုံး ပြည်သူလူထုအများအပြားသည် ရေလွှမ်းမိုးသည့် သို့မဟုတ် ငလျင်လှုပ်သည့် သို့မဟုတ် နှစ်ရပ်စလုံးဖြစ်ပွားသည့်နယ်မြေများရှိ အန္တရာယ်ကျရောက်နိုင်မှု မြင့်မားပြီး လူနေသိပ်သည်းသော မြို့များတွင် နေထိုင်ကြပါသည်။

ဘေးအန္တရာယ်ကျရောက်နိုင်မှုလျှော့ချရေးအလေ့အထကိုပြန့်ပွားစေရပါမည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ အစကောင်းရှိခဲ့ခြင်းကြောင့် ကျွန်ုပ်အားတက်မိပါသည်။ သဘာဝဘေးရန်များကြောင့်ဖြစ်ပွားသော ဘေးအန္တရာယ်များမှ ကမ္ဘာကြီး ပိုမိုအန္တရာယ်ကင်းရှင်းစေရေး ၁၀နှစ် စီမံကိန်းဖြစ်သော ဟျိုဂိုလုပ်ငန်းဆောင်ရွက်မှု မူဘောင်ကို ၂၀၀၅ခုနှစ်တွင် အစိုးရ (၁၆၈)ခုတို့က အတည်ပြုခဲ့ပါသည်။

ဟျိုဂိုမှုဘောင်တွင် အမျိုးသားအဆင့်အာဏာပိုင်များအား အစီအစဉ်ရေးဆွဲခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် ပိုမိုကောင်းမွန်သော အများပြည်သူပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် အန္တရာယ်ကျရောက်နိုင်မှုများကို အကဲဖြတ်ပြီး လျော့နည်းကျဆင်းစေနိုင်မည့် အစီအစဉ်ကိုဖော်ပြထားပါသည်။ ဥပမာ–ကျောင်းများ၊ဆေးရုံများနှင့်အခြားအဓိကအရေးပါသောအများပြည်သူအခြေခံအဆောက်အဦများအား သတ်မှတ်ထားသော အန္တရာယ်ကင်းရှင်းရေး စံနှုန်းများနှင့် ပြည့်မီစေရန် ဖြစ်ပါသည်။

တိုးတက်မှုရရှိခဲ့ပြီးဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၁၉၇၀ ခုနှစ်က ဘိုလာဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်စဉ်လူ၅သိန်းကျော်ဆုံးရှုံးခဲ့ရပါသည်။ ထို့နောက်တွင် မြှင့်တင်ထားသော ကွန်ကရစ်စင်များပေါ်၌ ဆိုင်ကလုန်းအကာအကွယ် ၂၅၀၀ တည်ဆောက်ခဲ့ပြီး အန္တရာယ်ကင်းရှင်းရာသို့ ရွှေ့ပြောင်းရေးအကူအညီပေးရန် စေတနာ့ဝန်ထမ်း ၃၂၀၀၀ကျော်ကို လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။ ၂၀၀၇ ခုနှစ်တွင်ဆီဒါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီး မုန်တိုင်းဒီရေ ကြီးမားစွာ မြင့်တက်ခဲ့သော်လည်း သေဆုံးသူအရေအတွက်မှာ ၄၀၀၀ အောက်တွင်သာရှိပါသည်။ မြန်မာနိုင်ငံသို့ ၂၀၀၈ခုနှစ်မေလတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်သည့် အလားတူဖြစ်ရပ်တွင် ကြိုတင်ပြင်ဆင်ထားခြင်း မရှိသောကြောင့်အသက်ဆုံးရှုံးသူပေါင်း ၁၄၀၀၀၀ ရှိခဲ့ပါသည်။ ကျူးဘားနိုင်ငံသည် ၂၀၀၈ခုနှစ်တွင် ဟာရီကိန်းမုန်တိုင်း ၄ကြိမ် တိုက်ခတ်ခြင်းခံရပါသည်။ ရပ်ဝတ္ထုပိုင်းအပျက်အစီးဒေါ်လာ၉ဘီလီယံဖိုးရှိသော်လည်းအသက်ဆုံးရှုံးမှု အလွန်နည်းပါးပါသည်။

သက်သေအထောက်အထားအထူးများပြားပါသည်။ သို့ရာတွင် ယင်းဘေးအန္တရာယ်များမှ ရရှိသောသင်ခန်းစာများကိုစိတ်ဓာတ်ကျဆင်းဖွယ်ရာကောင်းလောက်အောင် အလျင်အမြန် မေ့လျော့သွားတတ်ကြပါသည်။ တားဆီးကာကွယ်ခြင်းသည် ကာလရှည်တွင် အစိုးရများအတွက်အမှန်တကယ်ငွေကုန်ကြေးကျသက်သာစေကြောင်း သိရှိကြပါသည်။ တရုတ်နိုင်ငံသည် ရေလွှမ်းမိုးမှုကြောင့်ထိခိုက်မှုကိုလျှော့ချရန် ၁၉၆၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်အကြားတွင် ၃.၁၅ ဘီလီယံဒေါ်လာသုံးစွဲခဲ့ခြင်းကြောင့် ၁၂ဘီလီယံဒေါ်လာဖိုး ဆုံးရှုံးမှုများမဖြစ်ပွားဘဲ ရှောင်ရှားနိုင်ခဲ့သည်ဟုခန့်မှန်းပါသည်။ အလားတူငွေကုန်ကြေးကျသက်သာမှုများကို ဘရာဇီး၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် အခြားနိုင်ငံများတွင်လည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

လူတိုင်းတစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြပါသည်။

ရပ်ရွာများသည် ဆက်လက်တည်ရှိနေဆဲစိန်ခေါ်မှုများနှင့် ရုတ်တရက်ဖြစ်ပေါ်လာသည့်ဘေးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်း နိုင်စွမ်းရှိစေရန်အတွက် ဗဟိုအစိုးရနှင့်နယ်မြေခံအစိုးရများသည်လိုအပ်သောဆောင်ရွက်ချက်များကို လုပ်ဆောင်ကြရပါမည်။

ချီလီနှင့်ဟေတီငလျင်များကို ကြည့်ခြင်းဖြင့်ဘေးအန္တရာယ်များ မကျရောက်မီအရေးယူဆောင်ရွက်ခြင်းသည် အဘယ်ကြောင့် များစွာထူးခြားမှုရှိနိုင်ကြောင်း ထပ်မံ၍တွေ့ရှိနိုင်ပါသည်။ သဘာဝဘေးရန်များသည်ဘေးအန္တရာယ်များအဖြစ်သို့ ပြောင်းလဲမသွားစေရေး တားဆီးရန်အတွက်ကျွန်ုပ်တို့အားလုံး ပိုမိုဆောလျင်စွာ စဉ်းစားဆင်ခြင်ဉာဏ်ဖြင့် ဆောင်ရွက်ကြရပါမည်။

# rmwdum


taumift&m pmrsufESm

**အခန်း (၁) မီးလောင်ခြင်း**

၁–၁ မီးလောင်ခြင်းဆိုသည်မှာ.......................................................................................................၁

၁–၂ မီးလောင်မှုဖြစ်စေသောအကြောင်းရင်းများ.......................................................................................၂

၁–၃ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများ.......................................................................................၃

**အခန်း (၂) မြန်မာနိုင်ငံတွင်ကြုံတွေ့ရသောမီးဘေးအန္တရာယ်**

၂–၁ မြန်မာနိုင်ငံတွင်မီးဘေးဖြစ်ပွားမှုအခြေအနေ.......................................................................................၄

၂–၂ မြန်မာနိုင်ငံတွင်မီးလောင်မှုဖြစ်ပွားရခြင်းအဓိကအကြောင်းရင်းများ.......................................................................................၅

၂–၃ မီးဘေးအန္တရာယ်ဖြစ်နိုင်ခြေပြမြေပုံ.......................................................................................၁၀

၂–၄ မြန်မာနိုင်ငံတွင်လောင်ကျွမ်းခဲ့သောအကြီးစားမီးလောင်မှုကြီးများကြောင့်ပျက်စီးဆုံးရှုံးမှု
အခြေအနေများ.......................................................................................၁၂

**အခန်း (၃) မီးဘေးအတွက်ကြိုတင်ကာကွယ်ပြင်ဆင်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးအစီအမံများ**

၃–၁ မီးဘေးကြိုတင်ကာကွယ်ပြင်ဆင်ရေးအစီအမံများ.......................................................................................၁၄

(က) နိုင်ငံတော်အဆင့်မီးဘေးဆိုင်ရာအဖွဲ့အစည်း.......................................................................................၁၄

(ခ) အိုးအိမ်နေရာချထားမှုစီမံကိန်း.......................................................................................၁၅

(ဂ) အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းများ.......................................................................................၁၅

(ဃ) မီးအာမခံထားရှိခြင်း.......................................................................................၁၅

(င) ပြည်သူလူထုအားအသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း.......................................................................................၁၆

(စ) မီးသတ်စွမ်းရည်မြင့်မားစေခြင်းနှင့်ဇာတ်တိုက်လေ့ကျင့်ခြင်း.......................................................................................၁၆

(ဆ) မီးငြိမ်းသတ်သည့်ပစ္စည်းကိရိယာများ.......................................................................................၁၇

(ဇ) မီးကင်းစနစ်.......................................................................................၁၇

(ဈ) ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့အစည်း.......................................................................................၁၇

(ည)ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုစီမံချက်.......................................................................................၁၈

(ဃ) ရပ်ရွာအခြေပြုအခြားမီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ......၁၈

(င) အိမ်ထောင်စုအဆင့်မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ......၂၀

၃-၂ မီးလောင်မှုဖြစ်ပွားချိန် တုန့်ပြန်ဆောင်ရွက်ခြင်း......၂၃

(က) မီးသတ်ဆေးဘူးများ......၂၄

(ခ) အစဉ်အလာမီးငြိမ်းသတ်နည်းများ......၂၇

## အခန်း (၄) မီးဘေးကင်းစေရေးအကြံပြုချက်များ

၄-၁ မီးဘေးတားဆီးရေးအတွက်ဆောင်ရန်/ရှောင်ရန်များ......၂၈

၄-၂ သင်၏ရပ်ရွာအတွင်းမီးလောင်လျှင်......၂၉

၄-၃ သင်၏အိမ်တွင်မီးစွဲလောင်ပါက......၃၀

၄-၄ သင်၏အဝတ်အစားများမီးစွဲလောင်ပါက......၃၀

၄-၅ အခြားသူတစ်ဦးကိုမီးစွဲလောင်ပါက......၃၀

၄-၆ သင်သည်မီးစွဲလောင်နေသော အထပ်မြင့်တိုက်၏ အပေါ်ထပ်အခန်းများတွင်ရောက်ရှိနေပါက......၃၀

၄-၇ မီးလောင်နေသောအခန်းတွင်းမှ လွတ်မြောက်ရန်......၃၁

၄-၈ မီးငြိမ်းသွားပြီးသည့်အခါ......၃၂

# t cef;1

## rD;vmijcif;

### ၁–၁ မီးလောင်ခြင်းဆိုသည်မှာ ......

မီးလောင်ခြင်းဆိုသည်မှာ ပြင်းထန်သော အပူနှင့်အလင်း ထွက်ပေါ်လာသည့် ဓာတ်ပြုမှုဖြစ်သည်။


အောက်ပါ ဓာတ်ပစ္စည်း(၃)မျိုးဓာတ်ပြုခြင်းဖြင့်မီးလောင်မှုဖြစ်ပေါ်စေပါသည်–

(၁) လောင်စာ – လောင်စာ (သို့မဟုတ်) မီးလောင်လွယ်သောပစ္စည်းများ။ ဥပမာ–သတင်းစာ၊ အဝတ်အထည်၊ ခန်းဆီး၊ ကော်ဇော၊ ပရိဘောဂ စသည်

(၂) အောက်စီဂျင် – လေထုထဲတွင်ရှိနေပါသည်။

(၃) အပူ – မီးတောက်၊ လျှပ်စစ်ဓာတ်၊ ပူပြင်းသောသတ္တု၊ သေးငယ်သောမီးပွားကလေး။

ပုံ ၁–၁။ မီးလောင်မှုဖြစ်ပွားစေသည့်ဓာတ်ပစ္စည်း(၃)မျိုး




အထက်ဖော်ပြပါအခြေအနေများ ပြည့်စုံပါက မည်သည့်နေရာ၊ မည်သည့်အချိန်တွင်ဖြစ်စေ မီးစတင်လောင်ကျွမ်းနိုင်ပါသည်။ အကယ်၍ဖော်ပြပါ ဓာတ်ပစ္စည်း (၃)မျိုးစလုံးသည် လုံလုံလောက်လောက်ရှိမနေပါက မီးစတင်လောင်ကျွမ်းခြင်း (သို့မဟုတ်) ကြာရှည်လောင်ကျွမ်းခြင်းမဖြစ်နိုင်ပါ။ ၄င်းဓာတ်ပစ္စည်း(၃)မျိုးရှိနေသမျှ မီးလောင်ခြင်း ဆက်လက်ဖြစ်ပေါ်နေမည်။ ၄င်းတို့အနက် တစ်ခုခုဖယ်ထုတ်လိုက်ပါက မီးငြိမ်းသွားလိမ့်မည်။

## ၁–၂ မီးလောင်မှုဖြစ်စေသောအကြောင်းရင်းများ

*မြို့ရွာများတွင်မီးလောင်စေသောအဓိကအကြောင်းရင်းများ* တွင် အောက်ပါတို့ ပါဝင်ပါသည်။

- နေအိမ်များတွင်ဖြစ်ပေါ်သော မတော်တဆမှုများ (လျှပ်စစ်ပစ္စည်းများ လွဲမှားစွာ အသုံးပြုခြင်း၊ မှားယွင်းစွာဆက်သွယ်မိခြင်း၊ ချောဆီမှ မီးလောင်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အပူပေးသော ပစ္စည်းများကိုလွဲမှားစွာ အသုံးပြုခြင်း၊ သို့မဟုတ် သစ်သားပြားများကို စနစ်တကျ မစွန့်ပစ်ခြင်း၊ မီးဖိုမီးသုံးရာတွင်ပေါ့ဆခြင်း)၊
- လုပ်ငန်းခွင်များတွင်ဖြစ်ပေါ်သော မတော်တဆမှုများ (အန္တရာယ်ဖြစ်နိုင်သောပစ္စည်းများမှ ဖြစ်ပေါ်မှု၊ ပေါက်ကွဲမှုများ၊ သယ်ယူပို့ဆောင်ရာမှ မတော်တဆမှုများ)
- မသမာသူများမှရည်ရွယ်ချက်ဖြင့်မီးလောင်စေခြင်း (ရှို့မီး၊ တရားမဝင်ဖောက်ခွဲရေးပစ္စည်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ)
- သဘာဝအလျောက်မီးလောင်ခြင်း (မိုးကြိုးပစ်ခြင်း၊ ငလျင်ကြောင့်နောက်ဆက်တွဲ မီးလောင်မှုဖြစ်ခြင်း)၊



2001cEp?puwibm(11)&uu tar&ueEiiwitlur;zuwucuralumi r;avmirjzpym;pO

*တောမီးလောင်စေနိုင်သောအဓိကအကြောင်းရင်းများ* ကို သဘာဝအလျောက်လောင်ကျွမ်းခြင်းနှင့် လူတို့ကြောင့်လောင်ကျွမ်းခြင်းဟူ၍ (၂)မျိုးခွဲခြားနိုင်ပါသည်။

သဘာဝအလျောက်လောင်ကျွမ်းသော တောမီးများမှာ များသောအားဖြင့် မိုးကြိုးပစ်ခြင်းကြောင့်လည်းကောင်း၊ သစ်ပင်များပူးကပ်ပွတ်သိပ်ပေါက်ရောက်၍ အချင်းချင်းပွတ်တိုက်ရာမှ မီးစမီးပွားများဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း ဖြစ်ပေါ်ပါသည်။ သို့သော်လည်း တောမီးလောင်မှုအများစုမှာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လူတို့ကြောင့်လောင်ကျွမ်းရခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် တောင်ယာစိုက်ပျိုးသူတို့ကၾကင်းတို့၏တောင်ယာများကို မြေသြဇာပိုမိုကောင်းမွန်စေရန် မီးရှို့ရာမှ အခြားနေရာများသို့ ကျယ်ကျယ်ပြန့်ပြန့် ကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။ တောထဲတွင် ချက်ပြုတ်စားသောက်ရာတွင်မီးပေါ့ဆမှုကြောင့်လည်းကောင်း၊ စခန်းချနားနေရာတွင် မီးဖိုရာမှမီးပေါ့ဆမှုကြောင့်လည်းကောင်း တောမီးလောင်ကျွမ်းနိုင်ပါသည်။ တစ်ခါတစ်ရံ ရှို့မီးကြောင့်လည်း လောင်ကျွမ်းနိုင်ပါသည်။ မီးလောင်ခြင်းကို နိုင်နင်းစွာ မထိန်းချုပ်နိုင်ပါက မီးသည် လူနှင့်သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ပြုလာနိုင်ပါသည်။

## ၁-၃ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးသက်ရောက်မှုများ

*မြို့ရွာများတွင်လောင်ကျွမ်းသောမီး* ကို အချိန်မီမထိန်းချုပ်၊ မငြိမ်းသတ်နိုင်ပါက အောက်ပါပျက်စီးဆုံးရှုံးမှုများဖြစ်စေနိုင်ပါသည်။

- လူနေအိမ်ခြေများ၊ စက်ရုံအလုပ်ရုံများ၊ လုပ်ငန်းခွင်နေရာများ၊ အိမ်သုံးပစ္စည်းများနှင့် စားနပ်ရိက္ခာများပျက်စီးဆုံးရှုံးခြင်း။
- မီးလောင်နေသောအဆောက်အအုံတွင်ပိတ်မိသောလူများ မီးလောင်သေဆုံးခြင်း၊ မီးလောင်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း။
- မီးပွားလွင့်စင်ကူးစက်ခြင်းကြောင့် လူများစွာထိခိုက်ဒဏ်ရာရခြင်း။
- သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများထိခိုက်ခံရခြင်း။

*တောမီးလောင်မှု* ကြောင့် အောက်ပါဆိုးကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေပါသည်။

- အဖိုးမဖြတ်နိုင်သော သစ်တောမြေများဆုံးရှုံးရခြင်း။
- ရေဝေရေလဲ ဧရိယာများခန်းခြောက်ခြင်း။
- သဘာဝတောရိုင်းသတ္တဝါတို့အန္တရာယ်ကြုံတွေ့ရခြင်း။
- ထိန်းသိမ်းထားသောသစ်တောများအတွင်းရှိ အပန်းဖြေနားနေစခန်းများနှင့် အဆောက်အအုံများလောင်ကျွမ်းခြင်း။
- စားကျက်မြေများပျက်စီးဆုံးရှုံးခြင်း။
- စီးပွားရေးထိခိုက်နစ်နာခြင်း။




2010?azazm0g&vwiocCe;u!e;ap;r;avmijy;aemuaw.&y

# t cef;2

## jrefmEdkifiHwGifubmwGifaomrD;ab;tEÅm,f

### ၂–၁ မြန်မာနိုင်ငံတွင် မီးဘေးဖြစ်ပွားမှုအခြေအနေ

မြန်မာနိုင်ငံတွင် ကြုံတွေ့ရသော ဘေးအန္တရာယ်များအနက် မီးဘေးသည် (၇၀) ရာခိုင်နှုန်း ပါဝင်ပါသည်။ နှစ်စဉ်မီးဘေးကြောင့်ဆုံးရှုံးမှုမှာ ခန့်မှန်းခြေအားဖြင့် ကျပ်ငွေ တစ်ဘီလီယံ တန်ဖိုးခန့်ရှိပါသည်။

ပုံ ၂–၁ တွင် ၁၉၈၃ခုနှစ် မှ ၂၀၀၉ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ်အရေအတွက်ကို ဖော်ပြထားပါသည်။

ပုံ ၂–၁။ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော မီးလောင်မှုအကြိမ်အရေအတွက်(၁၉၈၃–၂၀၀၉)





Source: မီးသတ်ဦးစီးဌာန

မီးဘေးကြောင့်လူတို့၏အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးရပါသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ မီးလောင်မှုအတိုင်းအတာ၊ မီးလောင်မှုဖြစ်ပွားသည့်နေရာ၊ မီးလောင်မှုကြာမြင့်ချိန်တို့အပေါ်မူတည်ပါသည်။

ပုံ ၂–၂ တွင် ၁၉၈၃ခုနှစ် မှ ၂၀၀၈ခုနှစ်အတွင်း မီးလောင်မှုများကြောင့် ပျက်စီးဆုံးရှုံးမှု ခန့်မှန်းခြေတန်ဖိုးကို ဖော်ပြထားပါသည်။

ပုံ ၂–၂။ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော မီးလောင်မှုများကြောင့်ပျက်စီးဆုံးရှုံးမှုခန့်မှန်းခြေတန်ဖိုး (၁၉၈၃–၂၀၀၈)




Source: မီးသတ်ဦးစီးဌာန

## ၂–၂ မြန်မာနိုင်ငံတွင်မီးလောင်မှုဖြစ်ပွားရခြင်းအဓိကအကြောင်းရင်းများ

### မြို့ရွာများတွင် မီးဘေးဖြစ်ပွားရခြင်းအကြောင်းရင်းများ


မြန်မာနိုင်ငံအတွင်း လူနေမြို့ရွာများ၌မီးလောင်မှုအဖြစ်များရခြင်းမှာ ရာသီဥတု အပူချိန်မြင့်မားခြင်း၊ မီးလောင်လွယ်သော အိမ်ဆောက်ပစ္စည်းများကိုအသုံးပြုခြင်း၊ မြို့ပြနေထိုင်မှုတိုးတက်လာခြင်းနှင့် လူများမီးသုံးစွဲရာတွင်ပေါ့ဆခြင်းတို့ကြောင့်ဖြစ်ပါသည်။

(က) ရာသီဥတုအခြေအနေ။ ။မြန်မာနိုင်ငံတွင် တစ်နှစ်ပတ်လုံး မိုးရွာသွန်းခြင်း မရှိပါ။ တစ်နှစ်ပတ်လုံးတွင်စိုစွတ်သောကာလ ၅ လကြာမြင့်ပြီး ကျန် ၇ လမှာ ခြောက်သွေ့သောကာလဖြစ်ပါသည်။ နွေဥတုမှာ ဖေဖော်ဝါရီလလယ်မှ မေလလယ်အထိ ဖြစ်ပါသည်။ နွေရာသီ အပူဆုံးအချိန်၌ခြောက်သွေ့သောမြန်မာနိုင်ငံအလယ်ပိုင်းတွင် အပူချိန် ၄၀ဒီဂရီစင်တီဂရိတ်အထိ မြင့်မားလေ့ရှိပါသည်။

(ခ) မြို့ပြနေထိုင်မှုတိုးတက်လာခြင်း။ ။၂၀၀၈ ခုနှစ်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၇.၅ သန်း ရှိပါသည်။ ပြည်နယ် နှင့်တိုင်း (၁၄)ခုအနက် မန္တလေးတိုင်းသည် လူဦးရေ အများဆုံးဖြစ်ပြီး၊ ဧရာဝတီတိုင်းသည်ဒုတိယနှင့် ရန်ကုန်တိုင်းသည် တတိယ လူဦးရေ အများဆုံးဖြစ်ပါသည်။ ပြည်နယ်နှင့် တိုင်းများအလိုက် လူဦးရေသိပ်သည်းမှုကို နှိုင်းယှဉ်ရာတွင် ရန်ကုန်တိုင်းသည် တစ်စတုရန်းမိုင်လျှင်(၁၅၅၀)ဦးနှုန်းဖြင့် လူနေသိပ်သည်းမှု အများဆုံးဖြစ်ပြီး၊ ဧရာဝတီတိုင်းသည်(၅၃၂)ဦးနှုန်း၊ မန္တလေးတိုင်းသည် (၄၉၇)ဦးနှုန်းအသီးသီး ရှိပါသည်။ တောင်တန်းဒေသများတွင်လူနေကျဲပါးပြီး ချင်းပြည်နယ်သည် လူနေသိပ်သည်းမှု

အနည်းဆုံးဖြစ်ပါသည်။ နိုင်ငံ၏ ပျမ်းမျှလူနေသိပ်သည်းမှုသည် တစ်စတုရန်းမိုင်လျှင် (၂၀၁) ဦး ရှိပါသည်။ လူနေသိပ်သည်းမှုကို မြေပုံ ၂–၁ တွင် ဖော်ပြထားပါသည်။

မြေပုံ ၂–၁။ မြန်မာနိုင်ငံ၏လူနေသိပ်သည်းမှုပြမြေပုံ



မြန်မာနိုင်ငံတွင် မြို့ပြလူနေမှုတိုးတက်ဖြစ်ပေါ်လာသည်နှင့်အမျှ မြို့ကြီး၊မြို့ငယ်များတွင် လူနေပိုမိုထူထပ်လာပါသည်။ တိုးတက်များပြားလာသောမြို့ပြလူဦးရေအတွက် လူနေအိမ် လိုအပ်ချက်ကို ဖြည့်ဆည်းရန် အဆောက်အအုံများ၊ တိုက်ခန်းများ၊ နေအိမ်များတိုးချဲ့ဆောက်လုပ်ခြင်းတို့ လျင်မြန်စွာ ဖြစ်ထွန်းလျက်ရှိပါသည်။ ထို့ပြင် စနစ်တကျ ဆောက်လုပ်ထားခြင်းမရှိသည့် ကျူးကျော်တဲများမှာလည်း တိုးပွားလျက်ရှိပါသည်။ သို့သော်လည်း မြေယာအသုံးချစီမံမှုကို ကျင့်သုံးအကောင်အထည်ဖော်ခြင်းနှင့် အဆောက်အအုံပုံစံများတွင် မီးဘေးလုံခြုံမှုအစီအမံများ ထည့်သွင်းခြင်းစသည်တို့မှာ အားနည်းနေဆဲပင် ဖြစ်ပါသည်။ လူနေထူထပ်ခြင်း၊ လူနေအိမ်များပြွတ်သိပ်နေခြင်း၊ လောင်စာနှင့် လျှပ်စစ်ပစ္စည်းများ ပေါ့ဆစွာသုံးစွဲခြင်းတို့ကြောင့် မီးလောင်မှုကြီးများကို ဖြစ်စေပါသည်။

(ဂ) မီးလောင်လွယ်သောအိမ်ဆောက်ပစ္စည်းများသုံးစွဲခြင်း။ ။ မြန်မာနိုင်ငံတွင် အိမ်ထောင်စု အများစုမှာ သက်ငယ်မိုး၊ဝါးထရံကာ၊ သစ်သားကြမ်းခင်းအိမ်များတွင် နေထိုင်ကြပါသည်။

*အမိုး* – ကျေးလက်ဒေသတွင်နေအိမ်များ၏ (၆၀.၈)ရာခိုင်နှုန်းသည် သက်ငယ်မိုး (ဓနိမိုး၊ထန်းရွက်မိုး၊ဝါးကပ်မိုး)ဖြစ်ပြီး (၃၁.၃)ရာခိုင်နှုန်းသည် သွပ်မိုးဖြစ်ပါသည်။ မြို့ပြဒေသများတွင် အသုံးအများဆုံး အိမ်မိုးပစ္စည်းမှာ သွပ်ဖြစ်ပါသည်။

*အကာ* – ကျေးလက်ဒေသများတွင် ဝါးထရံဖြင့်သာ အများဆုံးကာရံလေ့ရှိပြီး ရာခိုင်နှုန်းအားဖြင့်ကျေးလက်တွင်(၅၇.၄)ရာခိုင်နှုန်း၊မြို့ပြဒေသတွင်(၃၇.၇)ရာခိုင်နှုန်း ရှိပါသည်။ မြို့ပြဒေသနေအိမ်များတွင်အုတ်ဖြင့်ကာရံမှု(၂၅.၈)ရာခိုင်နှုန်းရှိပါသည်။

*ကြမ်းခင်း* – ကျေးလက်ဒေသတွင် နေအိမ် ဆောက်လုပ်ရာ၌ အခင်းအဖြစ် ပျဉ်ကို အသုံးအများဆုံးဖြစ်ပါသည်။ပျဉ်ခင်း (၅၃.၆)ရာခိုင်နှုန်း နှင့် ဓမဓ (သို့) ဝါးကြမ်းခင်း (၂၆.၅)ရာခိုင်နှုန်းရှိပါသည်။ မြို့ပြတွင်လည်း ပျဉ်ကိုသာ အခင်းများလေ့ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၄၅.၁)ရာခိုင်နှုန်း ၊ ကွန်ကရစ်ကြမ်းခင်း(၂၀.၅)ရာခိုင်နှုန်းရှိပါသည်။

ကျေးလက်ဒေသတွင် နေထိုင်သူများသည် ဓနိမိုး၊ ဝါးအိမ်များကို ပိုမိုနှစ်သက်ကြပါသည်။ အကြောင်းမှာ အဆိုပါအိမ်ဆောက်ပစ္စည်းများသည် ဈေးနှုန်းသက်သာခြင်း၊ ဒေသတွင်းရရှိနိုင်ခြင်း၊ ရှုပ်ထွေးသောနည်းပညာများမလိုအပ်ခြင်း၊ ဒေသရာသီဥတုနှင့်ကိုက်ညီမှုရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ မြို့ပြနှင့် ဆင်ခြေဖုံးဒေသရှိ အိမ်ခြေအများစုသည်လည်း ဝါးထရံကာပျဉ်ခင်းအိမ်များဖြစ်ပါသည်။ သို့သော်လည်း အဆိုပါ အမိုး၊ အကာ၊ အခင်းများသည် လွန်စွာမီးလောင်လွယ်သောပစ္စည်းများဖြစ်ပါသည်။




*မြန်မာနိုင်ငံကျေးလက်ဒေသများတွင်မြင်တွေ့ရလေ့ရှိသောနေအိမ်များ*

(ဃ) မီးသုံးစွဲရာတွင်ပေါ့ဆခြင်း။ ။ မြို့ပြတွင်ဖြစ်စေ၊ ကျေးလက်တွင်ဖြစ်စေ ထင်း၊ မီးသွေးနှင့် ချက်ပြုတ်ပြီးနောက် မီးကြွင်းမီးကျန်များ မငြိမ်းသတ်ဘဲထားခြင်း၊ ဖယောင်းတိုင်မီးကို သုံးပြီးနောက် မငြိမ်းသတ်ဘဲထားခဲ့ခြင်း၊ မီးတောက်များ၊ ခြင်ဆေးခွေများကို ဓာတ်ဆီ၊ ဒီဇယ်ဆီများ၊ အင်ဂျင်ဝိုင်များအနီးတွင် သုံးစွဲခြင်းတို့သည်လည်း မီးလောင်မှုဖြစ်စေပါသည်။

## တောမီးလောင်စေသောအကြောင်းရင်းများ

မြန်မာနိုင်ငံတွင် လောင်ကျွမ်းသော တောမီးများမှာ အဓိကအားဖြင့် မြေပေါ်ရုပ် လောင်သောမီးသာဖြစ်သောကြောင့် ဧရိယာကျယ်ကျယ်ပြန့်ပြန့် လောင်ကျွမ်းသော်လည်း ပြင်းထန်သော မီးဘေးအဖြစ်သို့ ရောက်လေ့မရှိပါ။တောမီးများမှာ သစ်ရွက်ကြွေချိန်ဖြစ်သော ဒီဇင်ဘာလမှ စတင်၍ မေလအတွင်း ခြောက်သွေ့သောရာသီတွင် လောင်ကျွမ်းလေ့ရှိပါသည်။ သဘာဝ အကြောင်းရင်းဖြစ်သော မိုးကြိုးပစ်ခြင်းနှင့် သစ်ပင်များထူထပ်စွာ ပေါက်ရောက်သောကြောင့် သစ်ကိုင်းချင်းပွတ်တိုက်ရာမှ တောမီးလောင်မှုများရှိသော်လည်း တောမီးလောင်ကျွမ်းမှုအများစုမှာ လူတို့ပြုလုပ်သော အောက်ပါအကြောင်းရင်းများကြောင့် ဖြစ်ပါသည်။


- ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း(ခုတ်ထွင်မီးရှို့ခြင်း)၊
- အမဲလိုက်ရန် ရည်ရွယ်ချက်ဖြင့် တမင်ရှို့ခြင်း၊
- တောထဲတွင် (ဆေးလိပ်သောက်ခြင်း၊ချက်ပြုတ်စားသောက်ခြင်းတို့တွင်) မီးကိုပေါ့ဆစွာသုံးစွဲခြင်း၊
- သစ်စေးရရှိရန် ပင်စည်များကို မီးမြိုက်ခြင်း၊
- မြက်နုထွက်စေရန်စားကျက်မီးရှို့ခြင်း၊

မီးသတ်ဦးစီးဌာနမှ မြန်မာနိုင်ငံတွင် မီးလောင်စေသည့်အဓိကအကြောင်းရင်းများကို အောက်ပါအတိုင်းအမျိုးအစားခွဲခြားထားပါသည်။

• မီးဖိုမီး
• ပေါ့ဆမီး
• လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင်မှားယွင်းမှုကြောင့်လောင်သောမီး
• မသမာသူရှို့မီး
• တောမီး
• အခြားအကြောင်းများကြောင့်လောင်သောမီး

၁၉၈၃ခုနှစ်မှ ၂၀၀၉ခုနှစ်အတွင်း မီးလောင်မှုဖြစ်စဉ်အချက်အလက်များအရ ပေါ့ဆမီးကြောင့် လောင်ကျွမ်းသောမီးမှာအများဆုံးဖြစ်ပြီး၊ မီးဖိုမီးနှင့် လျှပ်စစ်ပစ္စည်းများ သုံးစွဲရာမှလောင်သောမီးတို့မှာ ဒုတိယနှင့်တတိယအများဆုံးဖြစ်ပါသည် (ပုံ ၂–၃)။

ပုံ ၂–၃။ မြန်မာနိုင်ငံအတွင်းမီးလောင်မှုဖြစ်စေသောအကြောင်းရင်းများ(၁၉၈၃–၂၀၀၉)




Source: မီးသတ်ဦးစီးဌာန

## ၂−၃ မီးဘေးအန္တရာယ်ဖြစ်နိုင်ခြေပြမြေပုံ


မြန်မာနိုင်ငံတစ်ဝှမ်း နေရာအနှံ့အပြားတွင်သဘာဝအလျောက်လည်းကောင်း၊ လူတို့ကြောင့်သော်လည်းကောင်း မီးလောင်မှုဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် ပူပြင်းခြောက်သွေ့သောဒေသနှင့် လူနေထူထပ်သောဒေသတွင် ပိုမိုဖြစ်ပွားနိုင်ပါသည်။

တောမီးလောင်မှုမှာ နည်းပါးသော်လည်း နိုင်ငံအတွင်း သစ်တောဖုံးလွှမ်းသည့် ဧရိယာကျယ်ဝန်းသောကြောင့် ပြည်နယ်နှင့်တိုင်း အားလုံးနီးပါးတွင် ဖြစ်ပွားလေ့ရှိပါသည်။ အထူးသဖြင့်ပဲခူးတိုင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့အတွင်း တောင်ပေါ်ဒေသများတွင် ပိုမိုဖြစ်ပွားလေ့ရှိပါသည်။

၁၉၈၃ ခုနှစ် မှ ၂၀၀၇ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သောမီးလောင်ကျွမ်းမှုများကိုအခြေခံ၍ ပြည်နယ်နှင့်တိုင်းများကို မီးဘေးဖြစ်နိုင်ခြေများသောဇုန်၊ အလယ်အလတ်ဇုန်နှင့် နည်းသောဇုန်ဟု အုပ်စု (၃) စု ခွဲခြားထားပါသည် (မြေပုံ ၂ −၂)။

| | |
|---|---|
| မီးဘေးဖြစ်နိုင်ခြေများသောဇုန် | − ရန်ကုန်တိုင်း၊ပဲခူးတိုင်း၊ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊စစ်ကိုင်းတိုင်း။ |
| မီးဘေးဖြစ်နိုင်ခြေအလယ်အလတ်ဇုန် | − မကွေးတိုင်း၊မွန်ပြည်နယ်၊ ရှမ်းပြည်နယ်။ |
| မီးဘေးဖြစ်နိုင်ခြေနည်းသောဇုန် | − ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်း။ |

မြေပုံ ၂ –၂။ မီးဘေးအန္တရာယ်ဖြစ်နိုင်ခြေပြမြေပုံ




Source: Hazard Profile of Myanmar

## ၂–၄ မြန်မာနိုင်ငံတွင်လောင်ကျွမ်းခဲ့သော အကြီးစားမီးလောင်မှုကြီးများကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေများ

(၁) ၁၉၈၄ခုနှစ် ၊ မတ်လ (၂၄)ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးမြို့မီးသည် အခြားမြို့နယ်(၃)ခုသို့ ပြန့်ပွားသွားခဲ့ပြီးအဆောက်အဦ(၂၃၆၈)လုံး ဆုံးရှုံးကာ အိမ်ခြေ (၄၅၈၅)ရှိ လူဦးရေ (၂၂၃၂၄) ထိခိုက်ခဲ့ရသည်။ ကျပ် (၇၈၀)သန်းဖိုးပျက်စီးဆုံးရှုံးခဲ့ရသည်။

(၂) ၁၉၉၁၊ ဧပြီလ(၇)ရက်တွင် ဖြစ်ပွားခဲ့သောမိတ္ထီလာမီးကြောင့် စုစုပေါင်း အဆောက်အအုံ(၃၂၆၁)လုံးဆုံးရှုံးခဲ့ပြီး အိမ်ခြေ(၅၀၂၆)ရှိ လူဦးရေပေါင်း(၂၅၃၇၇) အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါသည်။ ကျပ်သန်း(၆၈၅)ဖိုး ဆုံးရှုံးခဲ့ရပါသည်။

(၃) ၁၉၉၉ ခု၊ မတ်လ(၂၈)ရက်တွင်ဖြစ်ပွားခဲ့သောမိုင်းရှူးမီးကြောင့် စုစုပေါင်း အဆောက်အအုံ(၆၅၈)လုံး ဆုံးရှုံး၍ လူတစ်ဦးသေဆုံးခဲ့ရသည်။ အိမ်ခြေ(၁၈၄၇)ရှိ လူဦးရေပေါင်း(၇၄၄၅)အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ကျပ်သန်း(၅၅၀)ခန့်ဆုံးရှုံးခဲ့ရသည်။

(၄) ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ(၂၃)ရက်တွင်ဖြစ်ပွားခဲ့သော မြိတ်မီးဘေးကြောင့် အဆောက်အအုံ(၁၃၇၇)လုံးဆုံးရှုံးခဲ့ရပြီးအိမ်ခြေ (၂၆၇၆)ရှိလူဦးရေ (၁၅၄၄၃) အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ကျပ်သန်း (၄၀၀၀)ဖိုး ဆုံးရှုံးခဲ့ရသည်။

(၅)၂၀၀၃ခုနှစ်၊ ဇန်နဝါရီ (၁၀)ရက်တွင်ဖြစ်ပွားခဲ့သော လပွတ္တာမီးဘေးကြောင့် အဆောက်အအုံ(၁၅၃)လုံးဆုံးရှုံးခဲ့ပြီး အိမ်ခြေ(၁၅၇)လုံးရှိ လူဦးရေ (၆၃၉)ဦး ထိခိုက်ခဲ့ရသည်။ ကျပ်သန်း (၂၃၅)ဖိုး ဆုံးရှုံးခဲ့ရသည်။




*၂၀၀၃ ဇန်နဝါရီလ လပွတ္တာတွင်မီးဘေးသင့်ပြီးနောက်တွေ့ရပုံ*

(၆) ၂၀၀၄ ခုနှစ် ဇန်နဝါရီ (၂၇) တွင်မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ထီးရိုးတောင်နှင့် မုဆိုးတောင်ကြားဘုရားစောင်းတန်းမီးလောင်ကျွမ်းမှုကြောင့် ဈေးဆိုင်ခန်း (၉၆)ခန်း၊ လူနေတဲ(၃၀)လုံးဆုံးရှုံးခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့သည်။ အိမ်ခြေ (၁၂၆) လုံးရှိ လူပေါင်း (၅၆၃)ဦး ထိခိုက်ခဲ့သည်။ ကျပ်သန်း(၄၀၀)ဖိုး ဆုံးရှုံးခဲ့သည်။

(၇) ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်၌ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်၊ အဖျောက်၊ ကြွေပုဂံချောင်းကျေးရွာအနီး လောင်ကျွမ်းခဲ့သော မီးမှတစ်ဆင့် အဖျောက်ရေနံမြေရှိ အမှတ်(၁၃)ရေနံတွင်းကို မီးကူးစက်လောင်ကျွမ်းခဲ့သည်။

(၈) ၂၀၀၅ ခုနှစ်တွင် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်တွင်လောင်ကျွမ်းခဲ့သောမီးကြောင့် လူပေါင်း(၉၁၄၅)ဦး ဒုက္ခရောက်ခဲ့ရပြီး ကျပ်သန်း (၈၀) ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့သည်။

(၉) ၂၀၀၇ခုနှစ်တွင် ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်၊ ဘုန်းကြီးသောင်ကျေးရွာတွင် လောင်ကျွမ်းခဲ့သောမီးကြောင့် လူပေါင်း(၃၀၈၅) ထိခိုက်ခံစားခဲ့ရပြီး ငွေကျပ်(၁၀၂)သန်းဖိုးခန့် ဆုံးရှုံးခဲ့ရသည်။

(၁၀) ၂၀၀၈ ခုနှစ်တွင် တနင်္သာရီတိုင်း၊ ပုလောမြို့တွင်ဖြစ်ပွားခဲ့သောမီးကြောင့် လူပေါင်း (၁၄၀၀) ထိခိုက်ခံစားခဲ့ရပြီး ငွေကျပ်သန်း (၂၂၀၀)ဖိုးခန့်ဆုံးရှုံးခဲ့ရသည်။

(၁၁) ၂၀၀၈ခုနှစ်၊ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် ဖြစ်ပွားခဲ့သောမန္တလေးမြို့၊ ရတနာပုံဈေး မီးဘေးကြောင့် ဆိုင်ခန်း(၁၅၁၂)ခန်းမီးလောင်ကျွမ်းခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်(၂၆၄၅)သန်း ဖြစ်ပါသည်။



*၂၀၀၈ခုနှစ်၊ မန္တလေးမြို့၊ ရတနာပုံဈေးမီးဘေး*

# t cef;3

## rD;ab;twGufudkwifumuG,fjyifqifa&;ESifh wkHYjyefqmif&Gufa&;tpDtrHrsm;

### ၃–၁ မီးဘေးကြိုတင်ကာကွယ်ပြင်ဆင်ရေးအစီအမံများ

မီးဘေးကြိုတင်ကာကွယ်ရေးတွင်ပြည်သူလူထုသည်အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပျက်စီးဆုံးရှုံးမှုလျော့ပါးစေရေးတို့အတွက် မူဝါဒလမ်းညွှန်ချက်များချမှတ်ပေးခြင်း၊ မီးဘေးကာကွယ်ရေးနှင့် ဘေးလျော့ပါးစေရေးတို့အတွက် ညွှန်ကြားချက်အတိုင်း လိုက်နာကျင့်သုံးစေခြင်းတို့သည်လည်း အရေးကြီးပါသည်။

### (က) နိုင်ငံတော်အဆင့်မီးဘေးဆိုင်ရာအဖွဲ့အစည်း

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ မီးသတ်ဦးစီးဌာနသည် မီးဘေးလျော့ပါးစေရေး၊ ကြိုတင်ကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးတို့အတွက် အဓိကဆောင်ရွက်သည့် အဖွဲ့အစည်း ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံပိုင်အရင်းအနှီးများကို ခြိမ်းခြောက်ဖျက်ဆီးအန္တရာယ်ပြုနေသော မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ရန် ဖြစ်ပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းမီးသတ်သမားများအား လေ့ကျင့်ပေးရန်လည်းရည်ရွယ်ပါသည်။ အဓိကလုပ်ငန်းတာဝန်များမှာ–



*မီးသတ်ဦးစီးဌာန–ရန်ကုန်*

- မီးဘေးကြိုတင်သတိပြုစေရေး
- မီးဘေးကာကွယ်တားဆီးရေး
- မီးငြိမ်းသတ်ရေး
- လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ
- အရံမီးသတ်တပ်ဖွဲ့များနှင့် စေတနာ့ဝန်ထမ်း မီးသတ်သမားများအား စုဖွဲ့ပြီး စွမ်းရည်မြင့်မားစေရန်လေ့ကျင့်ပေးရေးစသည်တို့ဖြစ်ပါသည်။

မီးသတ်ဦးစီးဌာန၏ ပင်မဌာနချုပ်မှာ ရန်ကုန်မြို့တွင်ရှိပြီး အထက်မြန်မာပြည်၊ အောက်မြန်မာပြည်နှင့် နေပြည်တော်တို့တွင် ကွပ်ကဲမှုဌာန(၃)ခုရှိပါသည်။ နိုင်ငံအဆင့် တိုင်းနှင့် ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် မီးသတ်ဌာနများကိုလည်း ဖွင့်လှစ်ထားရှိပါသည်။ နိုင်ငံအတွင်းရှိမြို့နယ်ပေါင်း(၃၂၆)မြို့နယ်အနက်(၄၅)မြို့နယ်တွင်မြို့နယ်မီးသတ်ဦးစီးဌာနများ ဖွင့်လှစ်ထားပါသည်။စုစုပေါင်းမီးသတ်စခန်း(၅၅၀)ရှိသည့်အနက် စခန်း(၂၂၂)ခုမှာ အစိုးရ မီးသတ်စခန်းများဖြစ်၍ ကျန် (၃၂၈)ခုမှာ အရန်မီးသတ်စခန်းများဖြစ်ပါသည်။ မြို့နယ် မီးသတ်စခန်းများကို အဆင့်(၃)ဆင့် ခွဲခြားထားပါသည်။ မီးသတ်သမား(၂၁)ဦး ပါဝင်သောအဆင့်(က)၊ (၁၀)ဦးပါဝင်သောအဆင့်(ခ)၊ (၈)ဦးပါဝင်သော အဆင့်(ဂ) တို့ဖြစ်ပါသည်။တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မီးသတ်ဝန်ထမ်းပေါင်း(၄၂၂၈)ဦးနှင့် စေတနာ့ဝန်ထမ်းမီးသတ်သမား(၂၄၀၀၀၀)ဦးရှိပါသည်။

## (ခ) အိုးအိမ်နေရာချထားမှုစီမံကိန်း

မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့ပါးစေရန်အတွက် အိုးအိမ်နေရာချထားရာတွင် မီးဘေးနှင့်ပတ်သက်၍ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ ၎င်းတို့တွင် လူနေရပ်ကွက် ကျေးရွာအတွင်းသို့မီးသတ်ကားအလွယ်တကူဝင်ရောက် နိုင်မှု၊ ကျေးရွာ၊ ရပ်ကွက်များတွင် မီးတားလမ်းအဖြစ် ကျယ်ပြန့်သောမြေနေရာထားရှိမှု စသည်တို့ ပါဝင်ပါသည်။

## (ဂ) အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းများ

အဆောက်အအုံများဆောက်လုပ်ရာ၌ မီးဘေးလုံခြုံမှုဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများ ပြဋ္ဌာန်းခြင်း၊ လိုက်နာစေခြင်း၊ လက်တွေ့အသုံးပြုစေခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။ အထူးသဖြင့် အထပ်မြင့်အဆောက်အအုံများတွင် မီးလောင်ပါက အရေးပေါ် မီးငြိမ်းသတ်နိုင်ရေးနှင့် မီးဘေးမှလွတ်မြောက်နိုင်ရေး အတွက် အစီအမံများ၊ အရေးပေါ်လှေကားစနစ်တို့ ပါဝင်သော ဗိသုကာဒီဇိုင်းများ အသုံးပြုရန်လိုအပ်ပါသည်။ ဆေးရုံများ၊ ကျောင်းများ၊ ဈေးများ၊ ရုပ်ရှင်ရုံများစသောအများပြည်သူနှင့်သက်ဆိုင်သည့် အဆောက်အအုံများ၊ ဟိုတယ်နှင့် တည်းခိုခန်းများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် မီးလောင်မှုဖြစ်နိုင်သည့် လုပ်ငန်းများ ဆောက်လုပ်ရာတွင်လည်း အရေးပေါ် လှေကားနှင့် ထွက်ပေါက်များ ထည့်သွင်းသင့်ပါသည်။




*အရေးပေါ်လှေကားတပ်ဆင်ထားသော အထပ်မြင့်အဆောက်အအုံ*

## (ဃ) မီးအာမခံထားရှိခြင်း

မီးအာမခံထားရှိခြင်းဖြင့်မီးဘေးကြောင့်ပျက်စီးဆုံးရှုံးရသည့်တန်ဖိုးကိုပြန်လည် ရရှိစေပါသည်။ မီးအာမခံလုပ်ငန်းသည် ပြည်သူလူထုအတွက်မီးဘေးကြောင့်ဆုံးရှုံးနိုင်မှုကို

လွှဲပြောင်းကျခံပေးသည့် ထိရောက်သောစနစ်တစ်ခုဖြစ်ပါသည်။ မြန်မာ့အာမခံလုပ်ငန်းမှ မီးအာမခံကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းအား တစ်နိုင်ငံလုံးအနှံ့ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် အားပေးလုပ်ဆောင်သင့်ပါသည်။

## (င) ပြည်သူလူထုအားအသိပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း

မြန်မာနိုင်ငံအတွင်းဖြစ်ပေါ်သောမီးလောင်မှုအများစုမှာ မီးသုံးစွဲရာတွင်ပေါ့ဆမှုကြောင့် ဖြစ်ပွားရပါသည်။ ထို့ကြောင့်ပြည်သူလူထုမှမီးဘေးသတိအစဉ်ရှိစေရေးအတွက် လှုပ်ရှား ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သင့်ပါသည်။ ပြည်သူလူထုအား အသိပညာ ပေးရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ထုတ်လွှင့်ချက်များကို ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်နိုင်ပါသည်။ ထို့အပြင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ လက်ကမ်းစာစောင်၊ ကြော်ငြာဆိုင်းဘုတ်များကိုအသုံးပြု၍ မီးဘေးနှင့်ပတ်သက်၍ ပညာပေး လှုံ့ဆော်မှုများ ဆောင်ရွက်ခြင်းသည်လည်း ပြည်သူလူထုမှ မီးဘေးနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် သတိရှိစေရေးအတွက် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။

ရပ်ရွာအဆင့်တွင် အထူးသဖြင့် ခြောက်သွေ့ရာသီ၌ ရပ်ရွာအခြေပြု သဘာဝဘေး စီမံခန့်ခွဲမှုအဖွဲ့အစည်းမှ ရပ်ရွာလူထုအား မီးသတိပြုရန်မီးကိုဂရုတစိုက်သုံးစွဲရန်၊ နေအိမ်များ၌ မီးသတ်ဆေးဘူးများနှင့်မီးချိတ်၊မီးကပ်၊သဲပုံး၊ရေပုံးများထားရှိရန်သတိပေးနှိုးဆော်သင့်ပါသည်။

## (စ) မီးသတ်စွမ်းရည်မြင့်မားစေခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း

နိုင်ငံတော်အဆင့် ဗဟိုမီးသတ်သင်တန်းကျောင်းကို ပြင်ဦးလွင်မြို့တွင် ဖွင့်လှစ်ထား ပါသည်။ သင်တန်းများတွင်သင်တန်းကာလ(၆)ပတ်ကြာ အသက်ကယ်ဆယ်ရေးသင်တန်းမှ (၂၄)ပတ်ကြာ အရာထမ်းသင်တန်းအထိ စုစုပေါင်းသင်တန်းအမျိုးအစား(၁၁)မျိုး ပို့ချပေးလျက်ရှိပါသည်။ ရန်ကုန်ရှိမီးသတ်သင်တန်းကျောင်းတွင် အခြေခံနှင့် အဆင့်မြင့် မီးသတ်သင်တန်း၊ မီးသတ်ကားမောင်းသင်တန်း၊ ရုံးလုပ်ငန်းသင်တန်း၊ ကယ်ဆယ်နည်း စနစ်များသင်တန်း၊ စေတနာ့ဝန်ထမ်းများအတွက် အားသစ်လောင်းမွမ်းမံသင်တန်း၊ လေယာဉ် ဖြင့် မီးငြိမ်းသတ်ရေးသင်တန်းနှင့် ကယ်ဆယ်ရေးလေ့ကျင့်မှုသင်တန်းများစသည့် သင်တန်း အမျိုးအစား(၂၄)မျိုးကိုပို့ချပေးလျက်ရှိပါသည်။

ရပ်ရွာအဆင့်တွင် မီးသတ်ဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ရပ်ရွာအခြေပြု အလျင်အမြန်တုန့်ပြန်ဆောင်ရွက်ရေးအဖွဲ့များအတွက် အခြေခံမီးသတ်နည်းသင်တန်းများ ပို့ချပေးပါသည်။အလွယ်တကူရရှိနိုင်သည့် သဲ၊ ရေ၊ မီးသတ်ဆေးဘူးများနှင့် မီးသတ်ပန့်များ ကိုသုံး၍မီးငြိမ်းသတ်ပုံကို အဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့များကို ပို့ချပေးပါသည်။ ရပ်ရွာလူထုသည်မီးသတ်ဦးစီးဌာန၏ နည်းပညာပူးပေါင်းကူညီမှုဖြင့်နယ်မြေခံအာဏာပိုင်များမှ အခါအားလျော်စွာ စီစဉ်ဆောင်ရွက်သောမီးသတ်သရုပ်ပြခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အစမ်းလေ့ကျင့်ခြင်းတို့တွင် တက်ကြွစွာပူးပေါင်းပါဝင်သင့်ပါသည်။

## (ဆ) မီးငြိမ်းသတ်သည့်ပစ္စည်းကိရိယာများ



ရပ်ကွက်များအတွင်းမြင်တွေ့ရသော မီးသတ်ပိုက်ခေါင်း

ဈေး၊ စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်များတွင် မီးသတ်ဆေးဘူးများ အလုံအလောက်ရှိစေရမည့်အပြင် ရေကိုပါ အရန်သင့်သိုလှောင်ထားရှိစေသင့်ပါသည်။ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အတွင်းနေထိုင်သူများသည် မီးငြိမ်းသတ်ရန်အတွက် လုံလောက်သောရေရယူနိုင်ရန် မီးသတ်ရေပိုက်ခေါင်းများ၊ မီးသတ်ရေလှောင်ကန်များသို့ အလွယ်တကူဝင်ရောက်နိုင်စေရပါမည်။ မြို့ကြီးများရှိ အထပ်မြင့်အဆောက်အအုံများ၏ အမြင့်ပိုင်းအထပ်များအား မီးငြိမ်းသတ်ရန် ခေတ်မီ မီးသတ်ကားများကို အသုံးပြုသင့်ပါသည်။ ထို့အပြင် နေအိမ်တိုင်း၌ မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ရေပုံးတို့ကို အဆင်သင့်ဆောင်ထားသင့်ပါသည်။ ဈေးကြီးများ၌ မီးလောင်ပါက အလိုအလျောက်သတိပေးသည့်စနစ်ကို တပ်ဆင်ထားသင့်ပါသည်။ ဈေးရုံမီးသတ်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းထားပြီး ဈေးသူဈေးသားများမှ မီးသတ်သရုပ်ပြခြင်း၊ အစမ်းလေ့ကျင့်ခြင်းတို့တွင် ပါဝင်သင့်ပါသည်။

## (ဇ) မီးကင်းစနစ်



ရပ်ကွက်အတွင်းရှိ မီးကင်းတဲ

မြန်မာနိုင်ငံအတွင်း ရပ်ရွာများတွင် မီးကင်းစောင့်စနစ်ကို ကျင့်သုံးကြပါသည်။ ညလုံးပေါက်မီးကင်းချထားရန် ကျေးရွာ၊ ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများအား အလှည့်ကျတာဝန်ချထားပါသည်။ မီးလောင်ပါက သံချောင်းခေါက်၍ အချက်ပေးခြင်းကို ရပ်ရွာများတွင်အသုံးပြုလျက်ရှိပြီး ရပ်ရွာလူထုမှာလည်း အဆိုပါနည်းဖြင့် အချက်ပေးပုံကို နားလည်ပြီးဖြစ်ပါသည်။

## (ဈ) ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့ အစည်း

ရပ်ရွာတွင် "ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့" ဖွဲ့စည်းပြီးဖြစ်ပါက အကောင်းဆုံးဖြစ်ပါသည်။ သို့မဟုတ်ပါက ရပ်ရွာပြည်သူများမှ အကျိုးစီးပွားဆက်နွယ်ပတ်သက်သူများပါဝင်သည့် ရပ်ရွာအဖွဲ့အစည်းကို

ဖွဲ့စည်းထားသင့်ပါသည်။ ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့အောက်တွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်သည့် ကြိုတင်သတိပေးချက်ဖြန့်ဝေခြင်း၊ ဘေးကင်းရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများအတွက် အဖွဲ့ခွဲများ ဖွဲ့စည်းထားသင့်ပါသည်။

## (ည) ရပ်ရွာအခြေပြုဘေးအန္တရာယ်စီမံခန့်ခွဲမှုစီမံချက်

အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ရပ်ရွာခေါင်းဆောင်များနှင့် ရပ်ရွာလူထု၏အကူအညီဖြင့် ရပ်ရွာအခြေပြုဘေးအန္တရာယ်လျော့ပါးရေးအဖွဲ့သည် "ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှုစီမံချက်" ကို ရေးဆွဲထားသင့်ပါသည်။ ထိုစီမံချက်တွင် မီးဘေးအပါအဝင် ဘေးအန္တရာယ်များအတွက် ရပ်ရွာလူထုမှ တိတိကျကျဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်မှုများကို ထည့်သွင်းဖော်ပြရပါမည်။ ရပ်ရွာအတွင်း မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ရပ်ရွာပြည်သူတစ်ဦးချင်းမှ တာဝန်ယူရမည့် လုပ်ငန်းဆောင်တာများကိုလည်းဖော်ပြထားသင့်ပါသည်။ သို့မှသာ ရပ်ရွာနေပြည်သူများမှ မိမိတို့၏သီးသန့်တာဝန်များကို အလေးထား ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စီမံချက်အားရေးဆွဲပြီးသောအခါ ရပ်ရွာစည်းဝေးပွဲများ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ကြော်ငြာသင်ပုန်းများ၊ဘုန်းကြီးကျောင်းများ၊ ဓမ္မာရုံများ၊ဘုရားရှိခိုးကျောင်းများ၊ ဈေးများစသည်တို့မှတစ်ဆင့် ရပ်ရွာလူထုကို အသိပေးပြသထားခြင်းဖြင့် စီမံချက်ပါ အကြောင်းအရာအားလုံးကို ရပ်ရွာလူထုမှ ကောင်းစွာ နားလည်စေသင့်ပါသည်။ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ဘေးအန္တရာယ် အမှန်တကယ်ဖြစ်ပွားသည့်အခါ ရရှိလာသော အတွေ့အကြုံများဖြင့်စီမံချက်၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်သင့်ပါသည်။စီမံချက်ကို အခါအားလျော်စွာ သို့မဟုတ် ပုံမှန်ကာလအပိုင်းအခြားသတ်မှတ်၍ လိုအပ်သည်များ ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။

## (ဋ) ရပ်ရွာအခြေပြုအခြားမီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

မီးလောင်မှုအများစုမှာ လူတို့၏ပေါ့ဆမှုကြောင့်ပင်ဖြစ်သဖြင့် ထိုမီးလောင်မှုများကို ကြိုတင်ကာကွယ်နိုင်ပါသည်။ရပ်ရွာအတွင်း မီးဘေးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းအချို့ကို အောက်တွင်ဖော်ပြထားပါသည်-

- အိမ်ပတ်ဝန်းကျင် ၁၀ ပေ မှ ပေ ၃၀ အတွင်း မီးတားနေရာများဖန်တီးထားပါ။ (မြက်ခင်းစိမ်းများ၊နေရာချစိုက်ပျိုးထားသောသစ်ပင်များ)
- အဆောက်အအုံများအနီးရှိအမှိုက်သရိုက်နှင့်သစ်ကိုင်းခြောက်များရှင်းလင်းထားပါ။
- ရပ်ကွက်၊ကျေးရွာ၏ပတ်ဝန်းကျင်ကို ရှင်းလင်းထားပါ။
- ရပ်ကွက်၊ ကျေးရွာအတွင်းရှိ လမ်းများအား မီးသတ်ကားဝင်နိုင်လောက်အောင် ကျယ်ကျယ်ဖောက်လုပ်ထားပါ။

- လမ်းများကိုမည်သည့်အချိန်တွင်မဆို မည်သည့်အရာနှင့်မျှပိတ်ဆို့မှုမရှိစေရပါ။ (ယာယီဆိုင်းဘုတ်၊လူမှုရေးပျော်ပွဲရွှင်ပွဲများစသည်)




*ရပ်ရွာသို့ဝင်ထွက်လမ်းများသည်မီးသတ်ကားများအလွယ်တကူဝင်ရောက်နိုင်လောက်အောင်ကျယ်ကျယ် ဖောက်လုပ်ထားရမည်။ လမ်းများကိုပိတ်ဆို့မှုမရှိစေရန် အမြဲသတိပြုရမည်။*

- ရပ်ရွာလူထုသည်မီးငြိမ်းသတ်ရန်အတွက်ရေအလုံအလောက်ထားရှိပါ။ သို့မဟုတ် ပါက ရေအလွယ်တကူရရှိနိုင်ရန် ရေတွင်းရေကန်များတူးဖော်ရေး၊ မီးသတ်ရေပိုက်ခေါင်းများရရှိစေရေးစသည်တို့အတွက် လိုအပ်သလို ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ပါ။

- မီးဘေးတားဆီးကာကွယ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့်ရပ်ရွာအခြေပြု ဘေးအန္တရာယ် လျော့ပါးရေးအဖွဲ့တို့မှ မီးဘေးလုံခြုံရေးအတွက် ချမှတ်ထားသောစည်းကမ်းများကို လိုက်နာဆောင်ရွက်ပါ။

- ရပ်ကွက်များတွင်မီးဘေးလုံခြုံရေးအတွက် မီးကင်းများချထားရာတွင် ကူညီဆောင်ရွက်ပါ။

- မီးသတ်တပ်ဖွဲ့မှ မီးဘေးလုံခြုံရေးအတွက်လာရောက်စစ်ဆေးသည့်အခါ ကူညီပါ။ အကြံပြုချက်များအတိုင်းလိုက်နာဆောင်ရွက်ပါ။

- မီးဘေးတားဆီးရေးအတွက်ပြည်သူလူထုမှ ကူညီဆောင်ရွက်ပါ။

- မီးလောင်ကြောင်းအချက်ပေးနိုင်ရန်အတွက်သံချောင်း၊ အုန်းမောင်း၊ ကုလားတက်၊ ဖားစည်၊ မောင်းအစရှိသည့်ပစ္စည်းများအသင့်ထားရှိပါ။

- အရိပ်ရပင်၊လေကာပင်များစိုက်ပျိုးထားရှိပါ။

## (၄) အိမ်ထောင်စုအဆင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

မီးလောင်မှုကိုဟန့်ထားနိုင်ရန်အတွက် ကြိုတင်ဆောင်ရွက်နိုင်သည့်အချက်များ ရှိပါသည်။ အိမ်ထောင်စုတိုင်းသည်မိမိအိမ်မှစတင်ပြီး မီးမလောင်စေရေးအတွက် ကြိုတင်ကာကွယ်ရေး အစီအစဉ်များဆောင်ရွက်ထားသင့်ပါသည်။ မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများကို အိမ်တိုင်းတွင် ဆောင်ထားသင့်ပါသည်။

အိမ်ထောင်စုများအနေဖြင့်အောက်ပါတို့ကိုဆောင်ရွက်ထားနိုင်ပါသည်။

### *၁) မီးလောင်ကြောင်းအချက်ပေးစနစ်/မီးခိုးရှာကိရိယာတပ်ဆင်ခြင်း*

အကယ်၍သင်သည်ကြီးမားသောနေအိမ်(သို့မဟုတ်) တိုက်ခန်း(သို့မဟုတ်) အထပ်မြင့်အဆောက်အအုံ၌နေထိုင်ပါက

- မီးခိုး(သို့မဟုတ်) အပူရှိန်ကိုထောက်လှမ်းပေးသည့်ကိရိယာတပ်ဆင်ပါ။
- မီးခိုးရှာကိရိယာကိုနေအိမ်၏အထပ်တိုင်းတွင်တပ်ဆင်ပါ။ အိမ်ခန်း၏မျက်နှာကျက်တွင် (မျက်နှာကျက်၏၄ လက်မမှ ၁၂ လက်မအတွင်း) လည်းကောင်း၊ နံရံအမြင့်တွင်လည်းကောင်း၊ လှေကား၏ထိပ်ပိုင်းတွင်လည်းကောင်း၊ အပိတ်လှေကား၏ အောက်ခြေတွင်လည်းကောင်း၊ မီးဖိုချောင်အနီးတွင် (သို့သော် မီးဖိုချောင်အတွင်းမဖြစ်စေရ)လည်းကောင်း တပ်ဆင်ပါ။
- တစ်လလျှင်တစ်ကြိမ် တပ်ဆင်ထားသော မီးခိုးရှာကိရိယာကိုစစ်ဆေးပါ၊ သန့်ရှင်းရေးပြုလုပ်ပါ။ အနည်းဆုံးတစ်နှစ်လျှင်တစ်ကြိမ် ဘတ္ထရီလဲလှယ်ပါ။ (၁၀)နှစ်လျှင် တစ်ကြိမ်အသစ်လဲလှယ်တပ်ဆင်ပါ။

### *၂) မီးဘေးမှလွတ်မြောက်ရေးစနစ်*

- မိသားစုနှင့်အတူအရေးပေါ်ထွက်ပေါက်လမ်းကြောင်းကို စစ်ဆေးပါ။ အခန်းတစ်ခုချင်းစီမှ လွတ်မြောက်နိုင်ရေးလက်တွေ့လေ့ကျင့်ပါ။
- အကယ်၍သင်၏နေအိမ်သည် အထပ်တစ်ထပ်ထက်ပိုပါက အရေးပေါ် လှေကားထားရှိပါ။ အရေးပေါ်လှေကားအား မည်သည့်အခါမှ ပိတ်ဆို့မနေပါစေနှင့်။
- မိသားစုဝင်များအား မီးလောင်သည့်နေရာမှ လွတ်မြောက်ရန်ကြိုးပမ်းသည့်အခါ ကြမ်းပြင်နှင့်ကပ်၍ ဝပ်သွားတတ်ရန် သင်ကြားပေးထားပါ။ (မီးလောင်စဉ်တွင် ကြမ်းပြင်အနီးရှိလေသည် အန္တရာယ်ပိုကင်းသည်။)

### *၃) ပစ္စည်းသိုလှောင်ခြင်း*

- ပစ္စည်းသိုလှောင်သည့်ပတ်ဝန်းကျင်ကိုရှင်းလင်းထားပါ။ သတင်းစာအဟောင်း၊ မဂ္ဂဇင်းကဲ့သို့သောအမှိုက်များ စုပုံမထားပါနှင့်။

- လုပ်ငန်းခွင်ဧရိယာ၊ လျှောက်လမ်းမ၊ စကြ်္ကန်လမ်း၊ လှေကားတစ်လျှောက်နှင့် လုပ်ငန်းသုံးကိရိယာများတွင် ပစ္စည်းအမှိုက်သရိုက်၊ အပိုင်းအစများမရှိအောင် ရှင်းလင်းထားပါ။
- လျှောက်လမ်းမ၊စကြ်္ကန်လမ်း၊အရေးပေါ်ထွက်ပေါက်၊ အရေးပေါ်သုံးပစ္စည်းကိရိယာများ၊ အရေးပေါ်အချက်ပေးခလုတ် စသည်တို့အား မည်သည့်အခါမှ ပိတ်ဆို့မှု မရှိပါစေနှင့်။
- စာရွက်၊ သစ်သား၊ ကတ်ထူပုံးစသော မီးလောင်လွယ်သည့်ပစ္စည်းများကို စုပုံထားခြင်း မပြုလုပ်ပါနှင့်။

## ၄) မီးလောင်လွယ်သည့်ပစ္စည်းများ

- မီးလောင်လွယ်သည့်ပစ္စည်းများ အသုံးပြုခြင်း၊ သိုလှောင်ခြင်းကို နည်းနိုင်သမျှ နည်းပါစေ။
- လောင်စာဆီ၊ ဇန်းဖိုင်း(သို့မဟုတ်) အလားတူမီးလောင်လွယ်သည့် အရည်များအား အိမ်တွင်း၌ မည်သည့်အခါမျှ အသုံးမပြုပါနှင့်။
- မီးလောင်လွယ်သည့်အရည်များအား သတ်မှတ်ထားသော သိုလှောင်ဘူးများဖြင့် ထည့်ပြီး လေဝင်လေထွက် ကောင်းစွာရရှိသည့်နေရာတွင်သာ သိုလှောင်ပါ။
- မီးလောင်လွယ်သည့်အရည်များအနီး ဆေးလိပ်မသောက်ရ။
- မီးလောင်လွယ်သောအရည်များကို စုပ်ယူထားသည့်အဝတ်စုတ်များ၊ ပစ္စည်းများ အား အသုံးပြုပြီးသည်နှင့် သံပုံးကဲ့သို့သော ပုံးအတွင်းထည့်၍ အိမ်၏ပြင်ပတွင် စွန့်ပစ်ပါ။
- ခန်းဆီး၊ ပရိဘောဂ၊ အထည်အလိပ်များနှင့် မီးလောင်လွယ်သောပစ္စည်းများကို မီးနှင့်ဝေးဝေးထားပါ။
- မီးခြစ်၊ မီးခြစ်ဆံများကို ကလေးများမမီနိုင်သည့်အမြင့်တွင်ထားပါ။ ဖြစ်နိုင်ပါက အံဆွဲတွင် သော့ခတ်ထားပါ။
- ဓာတ်ငွေ့လိုင်းများ ယိုစိမ့်နေပါက ပြုပြင်ပါ။
- ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ မီးလောင်လွယ်သည့်ပစ္စည်းများကို အပူပေးသည့် ပစ္စည်းများနှင့်ဝေးရာတွင် သိုလှောင်ပါ။
- ဆီဝနေသည့်၊ ပေါလစ်တိုက်ထားသည့်အဝတ်စုတ်များအား အဖုံးပါသံဘူးထဲ ထည့်ပါ။

## (၅) လျှပ်စစ်ဝါယာကြိုးများသွယ်တန်းခြင်း

- နေအိမ်ရှိလျှပ်စစ်ဝါယာကြိုးများအား လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းဖြင့်စစ်ဆေးပါ။
- ဝါယာကြိုးဆက်ထားသော နေရာများတွင် ဖွာနေခြင်း၊ ဝါယာကြိုးစထွက်နေခြင်း၊ ပလပ်ခေါင်းချောင်နေခြင်းများရှိ–မရှိ စစ်ဆေးပါ။
- ပလပ်ပေါက်များအား ပလပ်ခုံဖြင့်ထားပါ၊ ဝါယာကြိုးစ ထွက်မနေစေရပါ။
- ကော်ဇောအောက်တွင်(သို့မဟုတ်)သံရိုက်ထားသည့်နေရာတည့်တည့်တွင်(သို့မဟုတ်) ယာဉ်အဝင်အထွက်များသည့်နေရာတွင်ဝါယာကြိုးသွယ်တန်းခြင်းမပြုလုပ်ပါနှင့်။
- မီးကြိုးများ၊ ပလပ်ခေါင်းများကို ခံနိုင်အားထက်ပိုမသုံးပါနှင့်။
- လျှပ်ကာပစ္စည်းနှင့် အကာအကွယ်မပါသော လျှပ်စစ်ကြိုးများမထိပါစေနှင့်။
- ဟောင်းနွမ်းနေသည့်လျှပ်စစ်မီးကြိုးများကိုလဲလှယ်ပေးပါ။
- ချို့ယွင်းနေသောလျှပ်စစ်ပစ္စည်းများကို မသုံးပါနှင့်။
- လျှပ်စစ်ဒဏ်ခံကြိုး(ဖြူးစ်ကြိုး)ကိုခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကိုသုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ရှော့ဖြစ်လျှင် မီးကိုမငြိမ်းသတ်မီ ပင်မမိန်းခလုတ်ကိုအရင်ပိတ်ပါ။ ခြောက်သွေ့သော အဝတ်စဖြင့်ဖုံးအုပ်ပြီးမီးကိုငြိမ်းသတ်ပါ။

## (၆) ဆေးလိပ်သောက်ခြင်း

- ဆေးလိပ်မီးကို စနစ်တကျ စွန့်ပစ်ပါ။ ဆေးလိပ်အစီခံကို မစွန့်ပစ်မီရေနှင့်ငြိမ်းပါ။ အစီခံအရင်းတွင် မီးကျန်နေပါက မီးရှိန်ရလာပြီး မီးပွားထွက်နိုင်ပါသည်။
- အိပ်ရာထဲတွင် (သို့မဟုတ်)အိပ်ငိုက်နေသောအခါတွင်(သို့မဟုတ်) ဆေးဝါးသုံးစွဲနေစဉ် ဆေးလိပ်မသောက်ပါနှင့်။
- နေအိမ်၏ဝေးရာအပြင်ဘက်တွင် သံ၊ သတ္တုခွက်ဖြင့် ဆေးလိပ်ပြာများကိုထားပါ။

## (၇) စခန်းချနားနေရာတွင်မီးသုံးစွဲခြင်း

- မီးခြစ်ဆံများနှင့် ဆော့ကစားခြင်းမပြုလုပ်ပါနှင့်။ မီးခြစ်ဆံတစ်တောင့်သည် သစ်တောတစ်ခုလုံးကို လောင်ကျွမ်းစေနိုင်သည်။
- ကလေးငယ်များအား မိဘ(သို့မဟုတ်) လူကြီးများ၏အကူအညီမပါဘဲနားနေစခန်းတွင် မီးမဖိုပါစေနှင့်။

- ရာသီဥတုခြောက်သွေ့နေလျှင်၊ လေထန်နေလျှင် မီးမဖိုပါစေနှင့်။
- ရာသီဥတုကောင်းမွန်နေပြီး မီးဖိုတော့မည်ဟု ဆုံးဖြတ်ပါက ကျယ်ပြန့်သောနေရာတစ်ခုကိုရွေးချယ်ပါ။ သစ်ပင်များ၊ သစ်ရွက်ခြောက်၊ ကိုင်းခြောက်များ နှင့်ဝေးပါစေ။ မီးမွေးမည့်နေရာတစ်ဝိုက် (၃) မီတာပတ်လည် မြေနေရာရှိအမှိုက်သရိုက်များကိုရှင်းလင်းပါ။
- မီးဖိုအားအစောင့်မရှိဘဲ မထားခဲ့ပါနှင့်။
- စခန်းချနေရာမှမထွက်ခွာခင်မီးကိုမြေကြီး၊ရေတို့ဖြင့်သေချာငြိမ်းသတ်ခဲ့ပါ။
- သစ်တောဝန်းကျင်အား သန့်ရှင်းစွာထားပါ။ ပုလင်းခွံ၊ မှန်ကွဲစတို့ကို မစွန့်ပစ်ခဲ့ပါနှင့်။ မှန်ကွဲစမှ မှန်ဘီလူးကဲ့သို့အလင်းစုပြီး မီးစတင်လောင်နိုင်ပါသည်။

### *(၈) မီးဖိုသုံးစွဲခြင်း*

- မီးသုံးစွဲပြီးပါက မီးကြွင်းမီးကျန်မရှိပါစေနှင့်။
- မီးဖိုအနီးတွင်လူစောင့်အမြဲထားပါ။
- မီးဖိုအနီးလောင်စာဆီမထားပါနှင့်။
- အိုမင်းမစွမ်းသူများနှင့်ကလေးသူငယ်များကိုမီးမွေးခိုင်းခြင်း၊ချက်ပြုတ်ခိုင်းခြင်း မပြုပါနှင့်။
- ရပ်ရွာအုပ်ချုပ်သူများနှင့်မီးသတ်ဦးစီးဌာနမှအခါအားလျော်စွာသတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကိုလိုက်နာပါ။
- မီးဖိုနံဘေးတွင်လုံလောက်သောအကာအရံများထားပြီး၊သဲပုံး၊ရေပုံးများထားပါ။
- တဲအိမ်များတွင်မြေစိုက်မီးဖိုများအသုံးပြုပါ။

## ၃-၂ မီးလောင်မှုဖြစ်ပွားချိန်တုံ့ပြန်ဆောင်ရွက်ခြင်း

မီးလောင်မှုဖြစ်စေသည့်အရင်းအမြစ်ကို ငြိမ်းသတ်ခြင်းဖြင့်အန္တရာယ်ကိုထိန်းချုပ်နိုင်ပါသည်။ အကယ်၍သာ နေအိမ်များ၌ မီးသတ်ဆေးဘူး (သို့မဟုတ်) ဒေသတွင်းရရှိနိုင်သည့် မီးသတ်ပစ္စည်းများကို အသင့်ထားရှိပြီး ရပ်သူရွာသားများမှ ၎င်းမီးသတ်ပစ္စည်းများဖြင့် ထိရောက်စွာ မီးငြိမ်းသတ်နိုင်သည့်နည်းလမ်းကိုသိထားလျှင် မီးစတင်လောင်သည်နှင့်ချက်ချင်း ငြိမ်းသတ်နိုင်ပါသည်။

### (က) မီးသတ်ဆေးဘူးများ

မီးသတ်ဆေးဘူးများကို မှန်ကန်စွာအသုံးချနိုင်ပါက ၎င်းတို့သည် အလွန်ထိရောက်သော အသက်ကယ်ကိရိယာများဖြစ်သည်။ မီးသတ်ဆေးဘူးအမျိုးမျိုးရှိသဖြင့် မီးလောင်မှုအမျိုးမျိုးတို့အတွက် မှန်ကန်သော မီးသတ်ဆေးဘူးအမျိုးအစားကို ရွေးချယ်ရန် မီးသတ်ဆေးဘူးတွင် ဖော်ပြထားသော အောက်ပါအမှတ်သင်္ကေတများကိုသေချာစစ်ဆေးပါ။




*မီးသတ်ဆေးဘူးတစ်ဘူးတွင်ပါဝင်သောအစိတ်အပိုင်းများ*

- အမျိုးအစား(အေ) –သစ်သား၊ အမှိုက်၊ စက္ကူနှင့်အခြားသာမန်ပစ္စည်းများမှ လောင်ကျွမ်းသောမီး၊
- အမျိုးအစား(ဘီ) – ဓာတ်ဆီ၊ဒီဇယ်ဆီနှင့်အိမ်သုတ်ဆေးစသည့်မီးလောင်ကျွမ်းနိုင်သည့် အရည်တို့မှ လောင်ကျွမ်းသောမီး
- အမျိုးအစား(စီ) –လျှပ်စစ်ကိရိယာများ၊ ထရန်စဖော်မာများနှင့် အခြားလျှပ်စစ်ပစ္စည်းများမှလောင်ကျွမ်းသောမီး
- အမျိုးအစား(ဒီ) –မဂ္ဂနီစီယမ်အစရှိသည့် မီးလောင်ကျွမ်းနိုင်သည့် သတ္တုများမှ လောင်ကျွမ်းသောမီး
- အမျိုးအစား(အီး) – တိရစ္ဆာန်နှင့်ဟင်းသီးဟင်းရွက်အဆီများမှ လောင်ကျွမ်းသောမီး

### *မီးသတ်ဆေးဘူးအမျိုးအစားများ*

**ရေဖြင့်ငြိမ်းသတ်သည့်မီးသတ်ဆေးဘူးများ** – ဈေးအသက်သာဆုံးနှင့်အသုံးအများဆုံးဖြစ်သည်။အေအမျိုးအစားမီးလောင်မှုများတွင်အသုံးပြုသည်။ ဘီအမျိုးအစားဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ကဲ့သို့မီးလောင်လွယ်သည့်အရည်များ၊လျှပ်စစ်နှင့်ဆိုင်သော မီးလောင်ကျွမ်းမှုများနှင့် မသင့်လျော်ပါ။


**အမြှုပ်ဖြင့်ငြိမ်းသတ်သည့်မီးသတ်ဆေးဘူးများ**– ရေဖြင့်ငြိမ်းသတ်သည့် မီးသတ်ဆေးဘူးများထက်ပိုမိုဈေးကြီးသော်လည်းဘက်စုံအသုံးပြုနိုင်သည်။မီးလောင်မှုအမျိုးအစားအေနှင့်ဘီတို့တွင်အသုံးပြုပါသည်။ လျှပ်စစ်နှင့်ဆိုင်သောမီးလောင်မှုအမျိုးအစားတို့အတွက် မသုံးသင့်ပါ။ သို့သော် လျှပ်စစ်စီးဝင်နေသည့် လျှပ်စစ်ပစ္စည်းများပေါ်သို့ မတော်တဆဖျန်းမိပါက ရေဖြင့်ဖျန်းမိသည်ထက် အန္တရာယ်လျော့နည်းသည်။

**ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့** – လျှပ်စစ်နှင့်ပတ်သက်သည့် မီးလောင်ကျွမ်းမှုအတွက် ကာဗွန်ဒိုင်အောက်ဆိုဒ်ဘူးသည် အကောင်းဆုံးဖြစ်သည်။ထို့အပြင် ဘီအမျိုးအစားမီးလောင်မှုများကိုလည်း ငြိမ်းသတ်နိုင်သည်။သို့သော် ၄င်းဘူးများသည် မီးငြိမ်းပြီးနောက်ဘေးကင်းစိတ်ချရမှုမရှိ၊ နောက်တစ်ကြိမ် မီးထပ်မံလောင်ကျွမ်းနိုင်သည်။


***မီးသတ်ဆေးဘူးအားမှန်ကန်စွာအသုံးချပုံ***

**ပီအေအက်စ်အက်စ် (PASS) ဟူသော စကားလုံးကို မှတ်သားထားပါ။**


P (Pull)–ပင်(စနက်တံ)ကိုဆွဲလိုက်ပါ။ ထိုသို့ဆွဲလိုက်ခြင်းသည် ဆေးရည်မထွက်အောင် ထိန်းထားသည့်စနစ်ကိုဖျက်လိုက်ခြင်းဖြစ်သောကြောင့် မီးသတ်ဆေးဘူးကို သင်သုံး၍ရပြီဖြစ်သည်။




A (Aim) – မီးတောက်အခြေသို့ ချိန်ရွယ်ပါ။ မီးတောက်ကို မဖျန်းရ။ ဤသည်မှာ အရေးကြီးပါသည်။မီးငြိမ်းသတ်ရန်အတွက် လောင်စာကို ငြိမ်းသတ်ရပါမည်။




S (Squeeze)– လက်ကိုင်ကိုညှစ်ပါ။ မီးသတ်ဆေးဘူးထဲမှ ဆေးများ ထွက်လာရန်ဖြစ်သည်။ ခလုတ်ကိုလွှတ်လိုက်ပါက ဆေးအထွက်ရပ်သွားလိမ့်မည်။




**S** (Sweep) – ဘေးတိုက်လွှဲယမ်း၍ဖျန်းပါ။ မီးသတ်ဆေးဘူးအား လွှဲယမ်းယင်းဖြင့် ရှေ့တိုးနောက်ငင်ပြုလုပ်၍ မီးလုံးဝငြိမ်းသည်အထိဖျန်းပါ။ မိမိအတွက် ဘေးကင်းလောက်သည့်အကွာအဝေးမှ ပက်ဖျန်းပါ။ မီးရှိန်လျော့လာသည်နှင့် ရှေ့တိုး၍ပက်ဖျန်းပါ။မီးသတ်ဆေးဘူးတွင် ညွှန်ကြားထားသည်များကို ဖတ်ဖြစ်အောင် ဖတ်ပါ။မီးသတ်ဆေးဘူးအမျိုးအစားကိုလိုက်၍ပက်ဖျန်းရမည့် အကွာအဝေးမတူပါ။





*မီးသတ်ဆေးဘူးအသုံးပြုပုံ*

## (ခ) အစဉ်အလာမီးငြိမ်းသတ်နည်းများ

### *မီးချိတ်၊မီးကပ်*

လောင်စာများကို ဖြိုဖျက်ချရန်၊ ရွှေ့ပြောင်းရန်၊ ဖယ်ရှားရန် မီးချိတ်ကိုသုံးနိုင်သည်။မီးစွဲလောင်နေသည့် ပစ္စည်းအား မီးရှိန်လျော့ကာ မီးငြိမ်းသွားသည်အထိ မီးကပ်ဖြင့် ထပ်ကာထပ်ကာရိုက်ပြီးငြိမ်းသတ်နိုင်ပါသည်။

မီးချိတ်ပြုလုပ်ရန်အတွက်(၂) ပေခွဲအရှည်ရှိ သံချိတ်တစ်ခုအား (၁၀) ပေ – (၁၅) ပေအရှည်ရှိ ခိုင်ခန့်သော ဝါးလုံးရှည်တွင် သံနန်းကြိုး (၂) ထပ်ဖြင့် ချည်တုပ်ထားရမည်။ မီးချိတ်၏ အနံမှာ (၆) လက်မမှ (၆) လက်မခွဲထိ ရှိသင့်သည်။





*မီးချိတ်နှင့်မီးကပ်*

### *ဂုံနီအိတ်၊ရေပုံး၊သဲပုံးများ*

မီးလောင်ပါကချက်ချင်းငြိမ်းသတ်နိုင်ရန် သဲပုံတစ်ပုံ၊ ရေတစ်တိုင်ကီ၊ ရေပုံးများ၊ ဂုံနီအိတ်ခွံများကို အိမ်အနီးဝန်းကျင်တွင် အသင့်ရှိနေစေသင့်သည်။ဂုံနီအိတ်ကို ရေရွှဲအောင်နှစ်၍ မီးလောင်သည့်အရာကို ဖုံးအုပ်ငြိမ်းသတ်နိုင်သည်။ မီးစတင်လောင်လျှင်လောင်ချင်းမီးအရှိန်မကြီးမီ သဲ၊ ရေ တို့ဖြင့်ငြိမ်းသတ်ခြင်းသည်လည်း ထိရောက်သောနည်းဖြစ်သည်။ တူရွင်းပြား၊ ပေါက်ချွန်း၊ ဂေါ်ပြား၊ ထွန်ခြစ်တို့ကိုလည်း မီးငြိမ်းသတ်ရာတွင် အသုံးပြုနိုင်ပါသည်။

### *မီးရိုက်တံ*

မီးရိုက်တံဟူသည်မှာ မီးငြိမ်းသတ်ရန်အတွက် လက်ဖြင့် အသုံးပြုရသည့် ကိရိယာတစ်မျိုးဖြစ်သည်။ ပြုလုပ်ပုံမှာ (၃) ပေ ၊ (၃) ပေခွဲခန့်ရှိ ဝါးလုံးထိပ်တွင် (၂) ပေခွဲ အရှည်ရှိ PVC ပိုက်အဟောင်း အနည်းဆုံး (၅) ခု ခန့်အား ကြေးနန်းကြိုးဖြင့် ချည်၍ဖြစ်စေ၊ သံရိုက်၍ဖြစ်စေ (သို့မဟုတ်) ခြင်းတောင်းပလုံးတို့ကို မြဲမြံစွာ ချည်နှောင်၍ဖြစ်စေပြုလုပ်နိုင်ပါသည်။




*မီးရိုက်တံ*

Source: မီးသတ်ဦးစီးဌာန

# tcef;4

## r;ab;uif;apa&; tBuljyKcsufsm;

### ၄–၁ မီးဘေးတားဆီးရေးအတွက်ဆောင်ရန်/ရှောင်ရန်များ

- ကလေးများကိုမီးမဆော့ပါစေနှင့်။
- မီးခွက်၊မီးအိမ်၊ဖယောင်းတိုင်စသည်တို့ကိုဝါးကပ်များ၊သစ်သားအကာအရံများ အနီးတွင် အသုံးမပြုပါနှင့်။
- အိမ်အနီးတွင်ကောက်ရိုးခြောက်၊ပြောင်းဖူးရိုးခြောက်များမပုံပါနှင့်။
- ဓာတ်ဆီရောမွှေထားသောရေနံဆီများနှင့်မီးမထွန်းပါနှင့်။မီးမမွှေးပါနှင့်။
- ကောက်ရိတ်သိမ်းချိန်တွင်လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်း မပြုပါနှင့်။
- အမဲလိုက်၊ထင်းခွေသူများဆေးလိပ်မီးကိုပေါ့ဆစွာစွန့်ပစ်ခြင်းမပြုပါနှင့်။
- မီးဖိုအနီးတွင်လောင်စာနှင့်လောင်စာဆီများမသိုလှောင်ပါနှင့်။
- လောင်စာဆီများအနီးတွင်မီးခြစ်၊ဖယောင်းတိုင်အသုံးမပြုပါနှင့်။
- ခြင်ဆေးတိုင်၊အမွှေးတိုင်၊ဖယောင်းတိုင်များကိုအောက်ခံခွက်မပါဘဲ အသုံးမပြုပါနှင့်။
- လူမရှိဘဲဖယောင်းတိုင်၊မီးခွက်မထွန်းပါနှင့်။
- မီးသုံးစွဲလျှင်လူစောင့်အမြဲထားပါ။
- အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များရှင်းလင်းထားပါ။
- ဆေးလိပ်မီးကိုရေဆွတ်ငြိမ်းသတ်ပြီးမှစွန့်ပစ်ပါ။
- အိမ်တိုင်းတွင် မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ လှေကား ဆောင်ထားပါ။
- မီးငြိမ်းသတ်ရေးအတွက်ရေကန်သီးသန့်ထားရှိပါ။

## ၄-၂ သင်၏ရပ်ရွာအတွင်းမီးလောင်လျှင်

- အနီးဆုံးမီးသတ်စခန်းသို့ချက်ချင်းအကြောင်းကြားပါ။
- မီးသတ်ယာဉ်များမရောက်မီရေပုံးများ၊ရေရာပစ္စည်းများဖြင့်မီးကူးစက်ခြင်းမရှိအောင် ထိန်းသိမ်းငြိမ်းသတ်ပါ။




*မီးလောင်လျှင်မီးလောင်ချင်းအိမ်နီးနားချင်းများ၏အကူအညီရယူငြိမ်းသတ်ပါ။*

- မီးသတ်ယာဉ်များမီးလောင်သည့်နေရာသို့ရောက်ရှိနိုင်မည့်အနီးဆုံးလမ်းကို ညွှန်ပြပေးပါ။
- မီးသတ်ယာဉ်များ အလွယ်တကူဝင်ရောက်နိုင်ရေးအတွက် လမ်းပိတ်ဆို့မှုမရှိအောင်လမ်းရှင်းပေးပါ။
- မီးလောင်မှုကြောင့်လွင့်ပြန့်နေသောမီးပွားများကိုရေပက်ဖျန်းငြိမ်းသတ်ပေးပါ။
- မီးလောင်မှုကိုကူညီငြိမ်းသတ်ပေးပါ။
- မလိုအပ်ပဲမီးလောင်သည့်နေရာတွင်လူမစုဝေးပါနှင့်။

## ၄-၃ သင်၏အိမ်တွင်မီးစွဲလောင်ပါက

- မကြောက်ပါနှင့်၊ စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ။ ထွက်မပြေးပါနှင့်။
- မီးကိုမိမိတို့ဘာသာကြိုတ်မငြိမ်းပါနှင့်၊ ပတ်ဝန်းကျင်သို့အကူအညီတောင်းပါ။
- နီးစပ်ရာမီးသတ်စခန်းသို့ချက်ချင်းအကြောင်းကြားပါ။
- အိမ်နီးချင်းများ၊ ရပ်သူရွာသားများ၊ မီးသတ်သမားများနှင့်ဝိုင်းဝန်းငြိမ်းသတ်ပါ။

## ၄-၄ သင်၏အဝတ်အစားများမီးစွဲလောင်ပါက

- မပြေးပါနှင့်၊ ပြေးပါကလေအရှိန်ဖြင့်မီးစွဲမြန်လိမ့်မည်။
- ရပ်လိုက်ပါ၊ မြေပေါ်သို့ပစ်လှဲ၍ မီးသေသည်အထိ လူးလိမ့်ပါ။

## ၄-၅ အခြားသူတစ်ဦးကို မီးစွဲလောင်ပါက

- ထိုသူအားစောင်၊ ကော်ဇော၊ ခန်းဆီး၊ မျက်နှာသုတ်ပဝါ၊ ကုတ်အကျီအုပ်၍ ငြိမ်းပါ။
- ဖုံးအုပ်ရန်မရှိပါက ထိုသူအားမြေပေါ်သို့ဆွဲလှဲ၍ မီးသေသည်အထိ လူးလှိမ့်ပါ။
- မီးလောင်နေသောအဝတ်အထည်အားချွတ်ရန်ကြိုးစားပါ။ သို့သော်ခေါင်းပေါ်မှ ဆွဲမချွတ်ပါနှင့်။
- အကယ်၍ အဝတ်စ အသားတွင်ကပ်နေပါကမချွတ်ပါနှင့်။
- မီးလောင်ဒဏ်ရာအတွက် ချက်ချင်းဆေးကုသမှုခံယူပါ။

## ၄-၆ သင်သည်မီးစွဲလောင်နေသောအထပ်မြင့်တိုက်၏အပေါ်ထပ်အခန်းများတွင် ရောက်ရှိနေပါက

- ခုန်မချပါနှင့်။
- ဖြစ်နိုင်ပါက အရေးပေါ်လှေကားကို အသုံးပြုပါ။မီးဘေးမှလွတ်မြောက်မှုအတွက် ရေးဆွဲထားသောအစီအစဉ်အတိုင်းဆောင်ရွက်ပါ။
- ဓာတ်လှေကားမသုံးပါနှင့်။
- ပြတင်းပေါက်မှနေ၍ လက်ကိုဝှေ့ယမ်း၍လည်းကောင်း၊ အရောင်ဖျော့ အဝတ်ဖြင့် ဝှေ့ယမ်း၍လည်းကောင်း မီးခိုးများအတွင်းမှ သင့်ကိုကယ်မည့်သူများမှ မြင်နိုင်စေ ရန်အချက်ပြပါ။


- စိတ်တည်တည်ငြိမ်ငြိမ်ထားပြီးကယ်ဆယ်သူများရောက်လာအောင်စောင့်ပါ၊ ၎င်းတို့၏ညွှန်ကြားချက်ကိုလိုက်နာပါ။

## ၄–၇ မီးလောင်နေသောအခန်းတွင်းမှ လွတ်မြောက်ရန်

- ပိတ်ထားသောတံခါးအပြင်ဘက်ရှိ မီး၏အပူရှိန်ကိုသိရှိနိုင်ရန် တံခါးကိုဖွင့်၍ အပြင်မထွက်ခင် တံခါးကိုစမ်းသပ်ကြည့်ရမည်။ တံခါးမဖွင့်မီ လက်ဖမိုးဖြင့် တံခါး၏အပေါ်အမြင့်ပိုင်း၊ တံခါးလက်ကိုင်ဘု၊ တံခါးရွက်နှင့်တံခါးဘောင်ကြား ဟနေသောနေရာတို့မှ တံခါး၏တစ်ဘက်ရှိအပူရှိန်ကို စမ်းသပ်ပါ။ လက်ဖဝါး၊ လက်ချောင်းတို့ဖြင့် လုံးဝမစမ်းပါနှင့်။ စမ်းသပ်မိ၍ အပူလောင်သွားပါက မီးအတွင်းမှ သင်လွတ်မြောက်ရန် ကြိုးပမ်းနိုင်မှုကိုထိခိုက်နိုင်ပါသည်။ (ဥပမာ– လှေကားကို ဆုပ်ကိုင်၍တက်ဆင်းရခြင်း၊တွားသွားရခြင်း)

### အကယ်၍ တံခါးရွက်ပူနေပါက

- တံခါးကို မဖွင့်ပါနှင့်၊ ပြတင်းပေါက်မှ လွတ်မြောက်ရန် ကြိုးစားပါ။
- အကယ်၍ မလွတ်မြောက်နိုင်ပါက အဖြူရောင်(သို့) အရောင်ဖျော့သည့်အဝတ်စကို ပြတင်းအပြင်ဘက်တွင်ချိတ်ဆွဲပြပါ။ သင်ရှိနေကြောင်း မီးသတ်သမားတို့ သတိပြုမိစေရန် ဖြစ်သည်။




*မီးလောင်နေသောအခန်းတွင်းမှထွက်ခွာပုံ*

**အကယ်၍ တံခါးရွက်များမပူပါက**

- တံခါးကိုဖြေးညှင်းစွာဖွင့်ပါ။ သင်ထွက်နိုင်မည့်လမ်းကြောင်းတွင်မီး (သို့မဟုတ်) မီးခိုးများပိတ်ဆို့နေခြင်းရှိ–မရှိ သေချာအောင်ကြည့်ပါ။
- အကယ်၍ ရှိနေပါက တံခါးကိုချက်ခြင်းပြန်ပိတ်၍ ပြတင်းပေါက်ကဲ့သို့ အခြားလွတ်မြောက်နိုင်မည့်လမ်းကြောင်းကို အသုံးပြုပါ။
- မီးနှင့်မီးခိုးရှင်းနေပါက ချက်ချင်းထွက်၍ တံခါးကိုပြန်ပိတ်ပါ။
- ဝပ်၍ တွားသွားရန်ပြင်ပါ။ မီးခိုးနှင့်အပူရှိန်သည်အမြင့်သို့တက်သည့်အတွက် ကြမ်းအနီးတွင် အပူရှိန်လျော့၍ လေပိုမိုရရှိသည်။
- တံခါးဆီသို့ လေးဘက်ထောက်၍ တွားသွားပါ။
- မိသားစုစုံရပ်သို့သွား၍မိသားစုစုံ–မစုံစစ်ဆေးပါ။ မီးသတ်ဌာနနှင့် တွေ့ဆုံပါ။
- အကယ်၍ အဆောက်အအုံထဲ၌ လူကျန်ခဲ့ပါကမီးသတ်သမားများအားချက်ချင်း အကြောင်းကြားပါ။
- သင်သည်အပြင်သို့ဘေးကင်းစွာရောက်ရှိပြီးနောက် အပြင်ဘက်၌သာနေပါ၊ မီးထဲ တစ်ကျော့ပြန်မဝင်ပါနှင့်။

## ၄–၈ မီးငြိမ်းသွားပြီးသည့်အခါ

- ပျက်စီးနေသောအဆောက်အအုံအတွင်း ဝင်ရောက်သည့်အခါ မီးခိုး (သို့) အပူရှိန်ရှိနေပါက ချက်ချင်းပြန်ထွက်ပါ။
- အကယ်၍သင့်၌ မီးခံသေတ္တာရှိပါက ဖွင့်ရန်မကြိုးစားပါနှင့်။ ပြင်းထန်သည့် အပူရှိန်သည် နောက်ထပ်နာရီ အတော်ကြာသည်အထိ ရှိနေနိုင်သည်။ သေတ္တာ လုံးဝအေးမသွားမီ ဖွင့်ခဲ့ပါက အထဲရှိပစ္စည်းများပေါက်ကွဲ၍ မီးတောက်အဖြစ် ပြောင်းသွားနိုင်ပါသည်။

## အရေးပေါ်ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| | |
|---|---|
| ရန်ကုန်/ မန္တလေးအရေးပေါ်ဖုန်း | ၁၉၁ |
| မီးသတ်ဦးစီးဌာနရုံးချုပ် | ၀၁-၆၆၆၉၁၂၊ ၆၆၆၉၁၃ |
| ရန်ကုန်တိုင်းမီးသတ်စခန်း | ၀၁-၂၅၂၀၁၁၊ ၂၅၂၀၂၂ |
| နေပြည်တော် (ဗဟိုစခန်း) | ၀၆၇-၄၂၀၀၀၅ ၊ ၄၂၀၀၁၇ |
| မန္တလေး (ဗဟိုစခန်း) | ၀၂-၆၀၇၃၉ |

**References:**


ADPC. 2004. *Community-based Disaster Risk Management: Field Practioners' Handbook*.

ADPC. 2006. *CBDRM for Local Authorities*.

ADPC.et al. 2009. *Hazard Profile of Myanmar.*

Central Board of Secondary Education, Delhi. 2007. *Together towards a Safer India – I, An Introduction to Disaster Management for Class VIII.*

Fire Services Department. *Emergency Response Team Fire Manual*.

Fire Services Department. *Records on fire incidents (1983-2009)*.

National Disaster Management Division, GoI, MHA.. Hazards*, Disasters and Your Community*.

NDPCC, Union of Myanmar. 2009. *Standing Order on Disaster Management*.

Safe Disaster School Guidelines, SDS Guidelines

*www.emergencypreparedness.com*

*http://www.worldmapfinder.com/Map_Search.php?ID=/En/Asia/Myanmar&PG=4*

## ဤလက်စွဲစာအုပ်ပြုစုရာတွင်ပါဝင်ဆွေးနွေးအကြံပြုခဲ့သည့်အဖွဲ့အစည်းများ

- Action Aid
- Arche Nova
- Asian Disaster Preparedness Center
- Care Myanmar
- Department of Educational Planning and Training (ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန)
- Department of Meteorology and Hydrology (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)
- Fire Services Department (မီးသတ်ဦးစီးဌာန)
- French Red Cross
- Information and Public Relation Department (ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)
- Maltesa International
- Metta Foundation
- Myanmar Engineering Society (မြန်မာနိုင်ငံအင်ဂျင်နီယာသအင်း)
- Myanmar Geosciences Society (မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း)
- Myanmar Information Management Unit (MIMU)
- Myanmar Red Cross Society
- Pact Myanmar
- Relief and Resettlement Department (ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန)
- Save the Children
- Tdh-Italy
- United Nations Development Programme (UNDP)
- United Nations Educational, Scientific and Cultural Organisation (UNESCO)
- United Nations High Commissioner for Refugees (UNHCR)
- United Nations Office for the Coordination of Humanitarian Affairs (UNOCHA)
- United Nations Office for Project Services (UNOPS)
- United Nations Population Fund (UNFPA)
- World Vision

# မီးဘေးအန္တရာယ်လက်စွဲ

## အကြောင်းရင်း၊ ဆိုးကျိုးများနှင့် ကြိုတင်ပြင်ဆင်ရေး

*ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN-HABITAT) -မြန်မာမှပြုစုပါသည်။*

*ထပ်မံသိရှိလိုပါက*

*ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ်*
*(UN-HABITAT)*

*အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။*
*desk@unhabitat-mya.org*